# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်၊ သောကြာနေ့။ Friday 9 November 2018 ၉၄၆၅


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကြာမီကာလအတွင်း စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၏ ဖိတ်ကြားချက်အရ (၃၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်ပါသည်။

**သတင်းစဉ်**


**ယနေ့သတင်းအညွှန်း**

ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲနှင့် မီဒီယာအသိပေး ပြောကြားခြင်း အခမ်းအနားကျင်းပ

စာမျက်နှာ » ၄

အများပြည်သူ သယ်ယူပို့ဆောင်ရေး ဆိုသည်မှာ

စာမျက်နှာ » ၆

အရှေ့တောင်အာရှ များပစ်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်း လက်စွမ်းပြပြီး နိုင်ငံအလိုက် ပထမနေရာရရှိ

စာမျက်နှာ » ၉

သမ္မတ ထရန့်၏ နိုင်ငံခြားရေးမူဝါဒ အပြောင်းအလဲရှိနိုင်ပုံ ကမ္ဘာ့နိုင်ငံများ သုံးသပ်လေ့လာလျက်ရှိ

စာမျက်နှာ » ၁၂


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီတလီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E. Mrs. Alessandra Schiavo တို့ တွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E. Mrs. Alessandra Schiavo အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့် အီတလီနှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ကမ္ဘာလှည့် ခရီးသွားကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**




ကြေးမုံ

# အခြေခံစီးပွားရေးမဏ္ဍိုင် ခိုင်မာရေးကြိုးပမ်း

မြန်မာနိုင်ငံသည် အစဉ်အဆက်စိုက်ပျိုးရေးကို အဓိကအားထားသော နိုင်ငံဖြစ်သည်။ တစ်ချိန်က စီးပွားရေးမှာ စိုက်ပျိုးရေးကိုအခြေခံသော်လည်း ဈေးကွက်ကို ထိန်းချုပ်ထားသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝနိမ့်ကျခဲ့ရသည်။ ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးသောအခါ စိုက်ပျိုးရေးသာမက အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်လာသည်။ လက်ရှိတွင် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများအနက် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှာ ၉၉ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်သည်။

အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှာ ပြည်သူများအကြားတွင် ကျယ်ပြန့်စွာ ဖြစ်တည်နေသော်လည်း အလုံးစုံအောင်မြင်မှုမရှိသေးချေ။ အခက်အခဲများ၊ စိန်ခေါ်မှုများ၊ လိုအပ်ချက်များများစွာရှိနေသည်။ ယင်းအခြေအနေမှာ မြန်မာတစ်နိုင်ငံတည်းသာမဟုတ်၊ အာဆီယံဒေသတွင်းနိုင်ငံများတွင်လည်း ကြုံတွေ့နေရသည်။ ဘဏ္ဍာရေးဆိုင်ရာ အကန့်အသတ်များ၊ နည်းပညာပိုင်းဆိုင်ရာနှင့် ဈေးကွက်အခြေအနေများအရ အခြားစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် သတင်းအချက်အလက်မလုံလောက်မှု၊ အသိအမှတ်ပြု အဆင့်အတန်းအရ လုံလောက်သည့်စွမ်းရည်မရှိမှု၊ စီးပွားရေးနှင့် မူဝါဒပိုင်းဆိုင်ရာတွင် ပိုမိုပါဝင်မှု စသည့် အခက်အခဲပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ထိုအခြေအနေကို ကျော်လွှားနိုင်ရန်အတွက် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများပါဝင်သည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးများပြုလုပ်၍ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အစည်းအဝေးအပါအဝင် ဆဋ္ဌမအကြိမ်တိုင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ဖော်ပြပါအခက်အခဲများကို ဖြေရှင်းနိုင်ရေးဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးမြင့်ဆွေက အခက်အခဲများ၊ ပြဿနာများကို ကျော်လွှားနိုင်ရေးအတွက် အာဆီယံဒေသတွင်း ပေါင်းစည်းအားနှင့်အတူ နိုင်ငံတကာနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီပံ့ပိုးမှုများကိုရယူပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စဉ်ဆက်မပြတ် ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ရင်းနှီးမြှုပ်နှံမှုပံ့ပိုးပေးနိုင်ရေး၊ နည်းပညာရရှိနိုင်ရေး၊ ဈေးကွက်ရှာဖွေနိုင်ရေး၊ MSME လုပ်ငန်းများကို ထိရောက်သည့် ဥပဒေမူဘောင်များဖြင့် အကာအကွယ်ပေးနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအပိုင်းများတွင် ထိထိရောက်ရောက် ပံ့ပိုးပေးလျက်ရှိသည်။ ထို့အပြင် နှစ်တို၊ နှစ်လတ်ကဏ္ဍများကို ဆောင်ရွက်နေရုံသာမက ရေရှည်ဆောင်ရွက်ရမည့်ကဏ္ဍများကို လုပ်ငန်းစဉ်များဖြင့်ဆောင်ရွက်နေသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများ ပူးပေါင်း၍ ပြည်သူလူထု၏ စီးပွားရေးလုပ်ငန်းနယ်ပယ် မြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးကြံဆဆောင်ရွက်ကြသည်မှာ တိုးတက်မှုရလဒ်များကို ဆောင်ကြဉ်းစေပါသည်။ အာဆီယံနိုင်ငံများအတွင်း ရေမြေသဘာဝ ကွဲပြားခြားနားမှုနှင့် အရင်းအမြစ်များ ပေါများကြွယ်ဝမှုတို့အပေါ် အခြေခံ၍ ထုတ်လုပ်နိုင်မှုစွမ်းရည်၊ ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုတို့ကို မြှင့်တင်ပြီး ဈေးကွက်ချဲ့ထွင်ရန်နှင့် နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်ရန် စသည့် ရည်မှန်းချက်ပန်းတိုင်များနှင့်အညီ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည် ပြည်သူလူထုအခြေပြုသည့် စီးပွားရေးလုပ်ငန်းများဖြစ်သည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထူးအရေးကြီးသဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အားကောင်းလာအောင် အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းလက်တွဲလျက် တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။ ။

MYANMAR
DigitalNews
Presented by NPE
www.mdn.gov.mm

မွန်ပြည်နယ်အစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် ကျိုက်ထိုမြို့နယ်စာကြည့်တိုက်များကွန်ရက်တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်
(ကျိုက်ထို)

ကလေးစာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲ

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁၀၊ ၁၁)ရက်၊ (စနေ၊ တနင်္ဂနွေ)နေ့
နေ့စဉ် နံနက်(၉)နာရီမှ ညနေ (၄)နာရီအထိ အထက(၁) ရာပြည့်ခန်းမ၊ ကျိုက်ထိုမြို့

မည်သူမဆို လွတ်လပ်စွာ လာရောက်လေ့လာနိုင်ပါသည်

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီ

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကိုမိုရင်းရေလက်ကြားနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံနှင့် အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားပြီဖြစ်သည်။

မိုး/ဇလ

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်း (၁၀/၂၀၁၈) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့တာဝန်ရှိသူများက ၆၆ ကေဗွီ ရသေ့တောင်-ဘူးသီးတောင် ဓာတ်အားလိုင်း ၃၃ မိုင်၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့် Powergen Kyaukse Company Limited တို့အကြား လျှပ်စစ်ဓာတ်အား ဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့် VPower Holdings Limited တို့အကြား လျှပ်စစ်ဓာတ်အား ဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း၊ မောင်တောခရိုင် ဘူးသီးတောင်မြို့တွင် ၂၄ နာရီ ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်မှု၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်နှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် ရန်ကုန်အနောက်ပိုင်း ခရိုင်အတွင်းရှိ မြို့နယ်များတွင် ၆ ဒသမ ၆ ကေဗွီ ဓာတ်အားလိုင်းများ လဲလှယ်ခြင်း၊ သန်လျင်(၂) CNG (၀၃၁) ဆိုင်သို့ ဆက်သွယ်ထားသော ၄ လက်မ ပိုက်လိုင်းဓာတ်ငွေ့ ယိုစိမ့်ရာမှ မီးလောင်ခြင်းဖြစ်ပွားခဲ့မှုကို ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ပိုမိုစနစ်ကျသည့် စက်သုံးဆီအရောင်းဆိုင်များ ပေါ်ထွန်းလာရေး ဆောင်ရွက်နေမှု၊ ကုန်းတွင်းပိုင်းလုပ်ကွက်အမှတ် IOR - 7 တွင် ရှာဖွေရေးတွင်းအမှတ် စိန်စည်တော်-၁ စတင်တူးဖော်ခြင်း အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာသည့် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ **သတင်းစဉ်**

## မိုးမိတ်မြို့နယ်တွင် သန့်ရှင်းသော သောက်သုံးရေ လိုအပ်လျက်ရှိ

**မိုးမိတ် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်ရှိ ဝဲဘောင်းကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေ လိုအပ်လျက်ရှိသည်။

မိုးမိတ်မြို့နယ်ရှိ ဝဲဘောင်းကျေးရွာကို နိုဝင်ဘာ ၇ ရက်က မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ကွင်းဆင်းကြည့်ရှုရာ အဆိုပါကျေးရွာသည် အိမ်ခြေ ၂၀၀ ကျော်ဖြစ်ပြီး ချောင်းတစ်ဖက်ကမ်းရှိ အိမ်ခြေ ၆၅ အိမ်ခန့်တွင် တုံကင်ရေရယူသုံးစွဲနေရာတွင် ထုံးဓာတ်နှင့်သံဓာတ်ပါဝင်မှုများနေခြင်းကြောင့် သန့်ရှင်းသောသောက်သုံးရေ လိုအပ်လျက်ရှိသည်။

သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လာမည့်ဘဏ္ဍာနှစ်တွင် အိမ်တိုင်ရာရောက် ရေသွယ်စနစ် ဆောင်ရွက်နိုင်ရန် ဘတ်ဂျက်တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၈**

ရန်ကုန်(ရွှေဈေး) ၁၀၃၅၅၀၀ - ၁၀၃၅၅၀၀ မန္တလေး(ရွှေဈေး) ၁၀၃၅၅၀၀ - ၁၀၃၅၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၁၀၇၀/၁၀၈၀ ကျပ်၊ | ၁၀၉၅/၁၁၁၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၄၀/၁၀၆၅ ကျပ်၊ | ၁၁၀၀/၁၁၂၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၉၆၅/၁၀၀၀ ကျပ်၊ | ၁၀၄၀/၁၀၇၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၇၅/၁၀၉၅ ကျပ်၊ | ၁၁၁၀/၁၁၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၂၀/၁၀၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၃၅/၁၀၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၆၀/၈၆၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၆၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၈၅.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၇၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၅၆၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၄.၄၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၆၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၇၄.၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၉.၆၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၃၅.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၈.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နယ်သာလန်နိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mrs. Sigrid Kaag ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

### ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာ-နယ်သာလန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခြေအနေ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mrs. Sigrid Kaag အား လက်ခံတွေ့ဆုံစဉ်။**



# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် MYPOL Project ၏ EU Consultant Mr.Ian White အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် MYPOL Project ၏ EU Consultant Mr. Ian White ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ MYPOL မှ ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးနှင့် စွမ်းဆောင်ရည်မြှင့်မားရေးဆိုင်ရာ အကူအညီပေးအပ်နေမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် UNODC မှ Country Manager နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့သည် UNODC မှ Country Manager , Mr.TroelsVester နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ၂၀၁၉ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကြိုတင်တားဆီးကာကွယ်ရေး ဆောင်ရွက်မှု၊ ပညာပေးရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)ဖွဲ့စည်းရေးကိစ္စရပ်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ကျွမ်းကျင်ပညာရှင်များ ပံ့ပိုးပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်တို့ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းတို့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ သုံးသိန်းကို အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းက ပေးအပ်လှူဒါန်းရာ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၈**
ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၈ခုနှစ်)နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲနှင့် မီဒီယာအသိပေးပြောကြားခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**
ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က အဖွင့်အမှာစကားပြောကြားကြပြီး CITIC Group ဥက္ကဋ္ဌ Mr. Chang Zhenming နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် CITIC Group ဥက္ကဋ္ဌ Mr. Chang Zhenming တို့သည် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့ရှေ့မှောက်တွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက်ကို လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။




ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ဗဟိုလုပ်ငန်းအဖွဲ့မှ ဒုတိယဝန်ကြီးများ၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပူးတွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ CITIC Group ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် CITIC Group မှ တာဝန်ရှိကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ CITIC Consortium ကိုယ်စားလှယ် CITIC Group (Myanmar) Co.,Ltd. ၏ Managing Director Mr. Yuan Shaobin နှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့ ဦးဆောင်၍ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအား ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ အသိပေးပြောကြားခြင်း အစီအစဉ်ကိုကျင်းပပြီး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အကြိုလေ့လာဆန်းစစ်ခြင်းကို ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကွင်းဆင်းဆောင်ရွက်၍ လည်းကောင်း၊ အကြံပေးကုမ္ပဏီ ရွေးချယ်ခြင်းကိုလည်း ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာ တင်ဒါခေါ်ယူရွေးချယ်၍ လည်းကောင်း၊ ရင်းနှီးတည်ဆောက်မည့်သူအား ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာ တင်ဒါခေါ်ယူ၍ လည်းကောင်း ရွေးချယ်ခဲ့ရာ CITIC ကုမ္ပဏီအုပ်စုကို ရေနက်ဆိပ်ကမ်းနှင့် စက်မှုဥယျာဉ် စီမံကိန်းများအတွက် တင်ဒါအောင်မြင်ကြောင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ကြေညာခဲ့ပြီး နိုင်ငံတကာသတ်မှတ်ချက်နှင့်အညီ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူဘောင်သဘောတူညီချက်ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကြောင့် ရခိုင်ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်၊ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့ အထောက်အကူပြုနိုင်မည့် အထူးစီးပွားရေးဇုန်အဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

အခမ်းအနားသို့ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ မြန်မာကျောက်ဖြူ အထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်များ၊ ဥပဒေအကြံပေးများ၊ ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



## ဂျိုင်း(ကော့ကရိတ်) ဗောတံတားအမှတ်(၂၃)အား အသစ်လဲလှယ်တပ်ဆင်ပြီးစီး

**ကော့ကရိတ် နိုဝင်ဘာ ၈**
ကရင်ပြည်နယ်၏ ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သော ဘားအံ-မြဝတီကားလမ်း ဂျိုင်း(ကော့ကရိတ်)ကြိုးတံတားအောက်ရှိ ဗောတံတားတွင် နိုဝင်ဘာ ၈ ရက်က မြန်မာ့သစ်တောက်ငှက်ကုမ္ပဏီက ဗောတံတား၌တပ်ဆင်ထားသော ဗောတံတားအမှတ်(၂၃)အား အစားထိုးလဲလှယ်တပ်ဆင်နေသဖြင့် ၁၃ တန်နှင့်အထက် ကုန်တင်ယာဉ်ကြီးများ ခေတ္တစောင့်ဆိုင်းနေကြကြောင်း သိရသည်။

ဗောတံတားအမှတ်(၂၃) အစားထိုးလဲလှယ်တပ်ဆင်နေစဉ် လမ်းပိတ်ဆို့မှု မရှိစေရေးနှင့် ကြိုးတံတားပေါ်မှ ၁၃ တန်အောက်ယာဉ်ငယ်များ ပုံမှန်သွားလာနိုင်စေရန်အတွက် ဂျိုင်းဘက်ကို ဂျိုင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ် အောင်တေဇာ ဦးစီးအဖွဲ့ဖြင့်လည်းကောင်း၊ ကျုံဒိုးဘက်ကို ကျုံဒိုးနယ်မြေရဲစခန်းမှ ဒုရဲအုပ် စိုးမင်းသူ ဦးစီးအဖွဲ့ဖြင့် လည်းကောင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ညနေ ၄ နာရီ မိနစ် ၄၀ တွင် ဗောတံတားအမှတ်(၂၃)ကို အစားထိုးလဲလှယ်တပ်ဆင်ခြင်း ဆောင်ရွက်မှုပြီးစီး၍ ၁၃ တန်အထက် ကုန်တင်ယာဉ်များ ဗောတံတားပေါ်မှ ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သတင်းရရှိသည်။ **မင်းသူ(ဘားအံ)**

## “ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့” အခမ်းအနား ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**
မြန်မာနိုင်ငံ ဆီးချို သွေးချိုရောဂါအသင်းမှ ကြီးမှူးကျင်းပသော နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်မည့် “ကမ္ဘာ့ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့” အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်း ကမာရွတ်မြို့နယ်ရှိ Novotal Yangon Max Hotel ၌ နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းမှ သိရသည်။

မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း တွဲဖက်အတွင်းရေးမှူး တွဲဖက်ပါမောက္ခ ဒေါက်တာသိန်းမြင့်က “မြန်မာနိုင်ငံမှာ ၂၀၀၁ ခုနှစ်ကစတင်ပြီး ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားတွေကို ပါမောက္ခဒေါက်တာ တင့်ဆွေလတ် ဦးဆောင်ပြီး ကျင်းပခဲ့တာ ဖြစ်ပါတယ်။ အစပိုင်းနှစ်တွေမှာတော့ ပညာပေးဟောပြောပွဲတွေ၊ ပညာပေးပြခန်းတွေနဲ့ ကျင်းပခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ပြည်သူလူထုတွေ ဆီးချိုသွေးချိုနဲ့ဆိုင်တဲ့ ဗဟုသုတတွေကို ပိုမိုသိစေဖို့ အသင်းအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာခဲ့ပါတယ်”ဟု ပြောသည်။

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ကို နှစ်စဉ် နိုဝင်ဘာ ၁၄ ရက်တွင် ကျင်းပရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအသင်းချုပ်ကြီး(IDF)တို့က ၁၉၉၁ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ကြပြီး ၂၀၀၆ ခုနှစ်မှ စတင်ကာ ကုလသမဂ္ဂအသိအမှတ်ပြု အထိမ်းအမှတ်နေ့တစ်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ်မှ စတင်၍ “ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့”အခမ်းအနားများကို မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းကကြီးမှူးပြီး ပြည်သူလူထု ကျန်းမာရေးလှုပ်ရှားမှု အသွင်ဖြင့် နိုင်ငံအနှံ့အပြား ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားများကို နိုင်ငံပေါင်း ၁၆၀ ကျော်တွင် နှစ်စဉ်ကျင်းပလျက်ရှိပြီး ပါဝင်ဆင်နွှဲသူပေါင်း သန်းတစ်ထောင်ကျော်ခန့် ရှိကြောင်းနှင့် ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "The Family and Diabetes" “မိသားစုတိုင်း ကျန်းမာဖို့ ဆီးချိုကာကွယ်ကုသစို့”ဟူ၍ ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း တွဲဖက်အတွင်းရေးမှူး တွဲဖက်ပါမောက္ခ ဒေါက်တာသိန်းမြင့်ထံမှ သိရသည်။

အဆိုပါ အခမ်းအနားကို နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ပြီး ကျန်းမာရေး ပညာပေးဟောပြောပွဲများ၊ ကျန်းမာရေး ပညာပေးပြခန်းများ၊ ဆေးဝါးထုတ်လုပ်တင်သွင်းသူများ၏ ပြခန်းများ၊ လူထုစုပေါင်းကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ၊ အခမဲ့ ကျန်းမာရေးစစ်ဆေးမှုများ၊ ဆီးချိုသွေးချို အထူးကုဆရာဝန်ကြီးများနှင့် တိုက်ရိုက်ဆွေးနွေးပွဲများ၊ ကျန်းမာရေး ဗဟုသုတမေးခွန်းနှင့် အဖြေများ၊ ကျန်းမာရေး ဗဟုသုတပြိုင်ပွဲများ၊ လက်ဆောင်ပစ္စည်းပေးအပ်ခြင်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်သည့်အတွက် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သီသီမင်း**

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် (၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒိုးအကပြိုင်ပွဲ ကြည့်ရှုအားပေး





**ဘားအံ နိုဝင်ဘာ ၈**

ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၇ ရက် ညပိုင်းက ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည့် (၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဒိုးအကပြိုင်ပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

အဆိုပါ ဒိုးအကပြိုင်ပွဲ အစီအစဉ်များကို ညနေ ၆ နာရီမှ စတင်ကျင်းပရာ အမှတ်(၁)ဘားအံ မူကြို၊ အမှတ်(၂)ဘားအံမူကြို၊ ပန်းမမ (လွန်းည) ကိုယ့်အားကိုယ်ကိုးမူကြို၊ အမှတ်(၆) ကိုယ့်အားကိုယ်ကိုးမူကြို ရင်သွေးလေးများ ဒိုးအဖွဲ့များနှင့် အိန္ဒူကျေးရွာ မူးနောင်ရှာ(အမျိုးသမီး) ဒိုးအဖွဲ့၊ ဖူးတခေတ်(ရှာလေ့ဖလုံ) ယဉ်ကျေးမှုဒိုးအဖွဲ့(၁)တို့က ကရင်ရိုးရာ ဒိုးအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် ည ၈ နာရီခွဲတွင် ဒိုးအကပြိုင်ပွဲကို ကျင်းပရာ မုက္ကဒိကျေးရွာဒိုးအဖွဲ့၊ ကော့ထမွလိန်း-ထုံးအိုင် တိုက်နယ်ကိုယ်စားပြု ဖူးတခေတ် ယဉ်ကျေးမှုဒိုးအဖွဲ့၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကိုယ်စားပြု ဒိုးအဖွဲ့၊ ကရင်ကျောင်းသားများ ရိပ်သာ ကျောင်းသားဟောင်းများ ဒိုးအဖွဲ့၊ ချစ်သူမြိုင်အပန်းဖြေဥယျာဉ် ယဉ်ကျေးမှုဒိုးအဖွဲ့၊ အိန္ဒူ-မိဇ်တိုက်နယ် ကိုယ်စားပြု နောင်ပလိန်ကျေးရွာ စုပေါင်းဒိုးအဖွဲ့၊ ကော့ကရိတ်မြို့နယ် နယ်ခြားစောင့်တပ် တပ်နယ်(၃) ယဉ်ကျေးမှုဒိုးအဖွဲ့၊ မြဝတီခရိုင် ကိုယ်စားပြု ဖူးတခေတ်ယဉ်ကျေးမှု ဒိုးအဖွဲ့၊ ဘားအံမြို့တော်ယဉ်ကျေးမှု ဒိုးအဖွဲ့ စုစုပေါင်းဒိုးအဖွဲ့ ကိုးဖွဲ့တို့ မြူးကြွ သွက်လက်မြိုင်ဆိုင်စွာ သီဆိုကပြဖျော်ဖြေ ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ ယဉ်ကျေးမှုဒိုးအဖွဲ့များ သီဆိုကပြဖျော်ဖြေယှဉ်ပြိုင်မှုများကို အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားပြည်သူများ ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲဝင်ဒိုးအဖွဲ့များအား ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီး Mr. Li Changping အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီး Mr. Li Changping နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်နိုင်ငံဝန်ကြီးဌာနများ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းနေမှုများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီဆောင်ရွက်နေမှုများနှင့် အဆိုပါလုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများရှိ မြန်မာနိုင်ငံမှ တိုင်းရင်းသားလူမျိုးများအား ၎င်းတို့၏ အခွင့်အရေးများ နစ်နာဆုံးရှုံးနေသည်ဟုယူဆမှုများအပေါ် လက်နက်ကိုင်၍ မဖြေရှင်းဘဲ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲများတွင် ပါဝင်ညှိနှိုင်းဆွေးနွေးလာစေရေး ဝိုင်းဝန်းဖျောင်းဖျပေးရန်ကိစ္စရပ်များနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးမည့်အကြောင်းအရာများ၊ နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားလူမျိုးများယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုပြခန်းကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးမိစိန်က အမျိုးသားပြတိုက် ခင်းကျင်းပြသမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြသသည်။

ထို့နောက် ညနေ ၃ နာရီခွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီးတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးရာတွင် နှစ်နိုင်ငံတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးရေးရာဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများ၊ အတွေ့အကြုံများ၊ အကြံပြုချက်များကို ပူးပေါင်းဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံဝန်ထမ်းများ အချင်းချင်း ဗဟုသုတများဖလှယ်နိုင်ရေးအတွက် အပြန်အလှန်သင်တန်းများ စေလွှတ်နိုင်ရေး၊ အမျိုးသားလူမျိုးစုရေးရာကော်မရှင်လက်အောက်ရှိ တက္ကသိုလ်များတွင် ဖွင့်လှစ်ထားသည့် သင့်လျော်သောဘာသာရပ်ဆိုင်ရာသင်တန်းများတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများအား ပညာသင်များအဖြစ် တက်ရောက်နိုင်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုပွဲတော်များကျင်းပရာတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ တိုင်းရင်းသားလူမျိုးများရေးရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြန်အလှန် လည်ပတ်ခြင်း၊ အစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများ အပြန်အလှန်ဖိတ်ခေါ်၍ သတင်းအချက်အလက်များ၊ အတွေ့အကြုံများ မျှဝေနိုင်ရေးကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေ ၆ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင်မှ ဒုတိယဝန်ကြီး Mr. Li Changping နှင့်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမှ ဓာတ်ပုံဆရာများ၏ "ကျွန်တော်တို့ ဗဟုရုပ်ဝန်းမှ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှုများကို ပုံရိပ်စစ်ဖြင့် တင်ဆက်ပြသခြင်း" ဓာတ်ပုံပြပွဲ ရန်ကုန်တွင်ပြသ

**ရန်ကုန် နိုဝင်ဘာ ၈**

မန္တလေးမှ လူငယ်ဓာတ်ပုံဆရာများဖြစ်သည့် ညီသစ်၊ ဘိုဘိုနှင့် ညီမျိုးဆက်တို့၏ "ကျွန်တော်တို့ဗဟုရုပ်ဝန်းမှ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှုများကို ပုံရိပ်စစ်ဖြင့် တင်ဆက်ပြသခြင်း" အမည်ဖြင့် ဓာတ်ပုံပြပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြားရှိ Royal River View ကွန်ဒိုတွင် ပြုလုပ်ခဲ့သည်။

ဓာတ်ပုံပြပွဲတွင် မတူညီသောကိုးကွယ်မှုများဖြစ်သည့် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်မှုတို့၏ မတူညီသည့်ဓလေ့များ မြင်ကွင်းပုံပေါင်း ၃၁ ပုံနှင့် Photo Essay နှစ်ပုဒ်ကို ပြသထားသည်။

အဆိုပါပြပွဲကိုစီစဉ်သူဦးညီကျော်က "ကျွန်တော်တို့မှာ အဖွဲ့တစ်ဖွဲ့ရှိပါတယ်။ "မေတ္တာကမ့်ပိန်း" လို့ ခေါ်ပါတယ်။ ကျွန်တော်တို့က ဘာသာတိုင်းမှာ တူညီမှုရှိနေတဲ့ မေတ္တာဆိုတဲ့အရာကို ဖော်ထုတ်ကြတာပါ။ ကျွန်တော်တို့ အနီးအနားမှာ မတူကွဲပြားမှုတွေရှိနေတဲ့ လူတွေရဲ့တူညီမှုကို ဖော်ထုတ်ပြီး ချပြချင်တယ်။ ဒီရည်ရွယ်ချက်နဲ့ အခုအစီအစဉ်ကိုလုပ်ဖြစ်တာပါ။ လုပ်တဲ့အခါမှာ လူကြီးတွေက အစွဲရှိမှာစိုးတဲ့အတွက် လူငယ်လေးတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ လူငယ်တွေက သူတို့ပတ်ဝန်းကျင်မှာရှိနေတဲ့ သူတို့ရဲ့တွေ့ရှိချက်ကို မှတ်တမ်းတင်တဲ့သဘောပဲ။ ဒါဟာ ကျွန်တော်တို့ ပထမဆုံးခြေလှမ်းပါ။ ဆက်ပြီးတော့လည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်သွားဖို့ရှိပါတယ်။ နောက်ပိုင်းမှာ ကာယကံရှင်တွေရဲ့ အသံတွေ၊ ပြောကြားချက်တွေပါ စုစည်းနိုင်ဖို့ ဆက်ပြီးကြိုးစားသွားမှာပါ" ဟု ပြောသည်။

ဓာတ်ပုံပြပွဲကို နိုဝင်ဘာ ၉ ရက်အထိ ပြသသွားမည်ဖြစ်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသသွားမည်ဖြစ်သည်။

ကိုညီသစ်က "ပထမရိုက်ဖို့ စိတ်ကူးရတာက မတူညီတဲ့ဓလေ့တွေရိုက်ဖို့ပါ။ ဒါကြောင့် မတူညီတဲ့ ဓလေ့တွေရှာတယ်။ ကျွန်တော်ရိုက်တဲ့ ခံစားချက်ကတော့ ငြိမ်းချမ်းရေးအတွက်ပဲရည်ရွယ်တာပါ။ မန္တလေးမှာလည်းလုပ်ခဲ့တယ်။ မတူညီတဲ့ ဘာသာတရားနဲ့ မတူညီတဲ့ ကိုးကွယ်ယုံကြည်မှုတွေကိုရိုက်တဲ့အခါ ဥပမာ အင်္ဂရတ်လို Photo Essay ဆိုရင် မတူညီတဲ့ ဘာသာတရားနှစ်ခုဖြစ်နေပေမယ့် တူညီတဲ့ ဝါသနာတစ်ခုရှိနေတဲ့အတွက် တူညီတဲ့နှလုံးသားရှိနေတာကို တွေ့လိုက်ရတယ်။ အဲဒါကို မြင်ရတယ်။ အဲဒီလို ခံစားရတယ်။ ဗုဒ္ဓဘာသာဖြစ်တဲ့ ဘုန်းတော်ကြီးဆိုရင် သူ့ရဲ့ ဗုဒ္ဓဘာသာ အလုပ်လုပ်တယ်။ တစ်ဖက်က အစ္စလာမ်ဘာသာဝင်ကလည်း သူ့ဘာသာအလုပ်ကိုသူလုပ်တယ်။ ဒါပေမယ့် အင်္ဂရတ်ထိုးတယ်ဆိုတာ သူတို့ဝါသနာတူတဲ့ အလုပ်ဖြစ်နေတော့ ရင်ဘတ်က အတူတူဖြစ်သွားတယ်။ ငြိမ်းချမ်းသွားတယ်" ဟု ပြောသည်။

"ကျွန်တော်တို့ ဗဟုရုပ်ဝန်းမှ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှုများကို ပုံရိပ်စစ်ဖြင့် တင်ဆက်ပြသခြင်း" သည် မန္တလေးမြို့တစ်ဝိုက်နှင့် ပြင်ဦးလွင်မြို့များရှိ မတူညီသည့် ဘာသာတရားကိုးကွယ်သူများ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ပုံများကို ပြသထားခြင်း ဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**



# အများပြည်သူ သယ်ယူပို့ဆောင်ရေးဆိုသည်မှာ

Dr. မောင်အောင်

အများနှင့်ဆိုင်သော သယ်ယူပို့ဆောင်ရေးဆိုသည်မှာ ပြည်သူလူထုအတွက် လိုရာခရီးကိုဘေးကင်းလုံခြုံမှု၊ သက်သောင့်သက်သာဖြစ်မှု၊ မျှတသည့်ဈေးနှုန်းဖော်ဆောင်မှု၊ အမြန်ဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အဓိကရည်မှန်းပြီး ပို့ဆောင်ပေးနေသည့် ဝန်ဆောင်မှုအားလုံးအကျုံးဝင်ပါသည်။ အများနှင့်ဆိုင်သည့် သယ်ယူပို့ဆောင်ရေးသည် အရေးကြီးသည့်အတွက် နိုင်ငံအစိုးရတိုင်း အဆင်ပြေချောမွေ့စေရန် အထူးဦးစားပေး ဆောင်ရွက်လေ့ရှိသည်။ ခရီးသွားပြည်သူများကို များများနှင့် မြန်မြန် သယ်ပို့ပေးနိုင်သည့် စနစ် ထွန်းကားလေ စွမ်းဆောင်ရည်ပြည့်ဝလေဖြစ်သည့်အတွက်လည်း ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းတိုးတက်စေရန် အာရုံထားလုပ်ဆောင်နေကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အများပြည်သူသယ်ယူပို့ဆောင်ရေးကို နိုင်ငံအစိုးရတိုင်းက တာဝန်ယူကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်နေခြင်းဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအဆင့်အပေါ်မူတည်၍ မှီခိုအားထားနိုင်သည့် သယ်ယူပို့ဆောင်ရေးနည်းလမ်းများ မတူကြပေ။ ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံများအတွက် အဓိကအားကိုးရာမှာ သယ်ယူပို့ဆောင်ရေးတွင် အရင်းအနှီးစရိတ်နည်းသည့် ဘတ်(စ်)ကားစနစ်ကိုသာ မှီခိုရလေ့ရှိပြီး ဖွံ့ဖြိုးလာသည်နှင့်အမျှ အရင်းအနှီးစရိတ်များသည့် မီးရထားစနစ်ပိုမိုထွန်းကားလာစေရန် ဆောင်ရွက်လေ့ရှိသည်။ ရထားစနစ်သည် လူအများကို အထိရောက်ဆုံးနှင့် အမြန်ဆုံးသယ်ပို့နိုင်သည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံတိုင်းတွင် မြေပေါ်ရထား၊ မြေအောက်ရထား၊ မိုးပျံရထား စသည်တို့သည် အများပြည်သူ သွားလာရေးအတွက် အရေးအပါဆုံးအဖြစ် ရပ်တည်ပေသည်။

သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ အရင်းအနှီးနှင့်နည်းပညာအားနည်းနေသေးသည့်အတွက် ရေရှည်ဆောင်ရွက်ရမည့် ရထားစနစ်တိုးတက်ဖွံ့ဖြိုးမှုထက် လက်ရှိအသုံးပြုနေသည့် ဘတ်(စ်)ကားစနစ်ကို ပို၍ကောင်းသည်ထက်ကောင်းစေရန် ကြိုးစားနေရဆဲဖြစ်သည်။ ဘတ်(စ်)ကားများခေတ်မီစေရန် လုပ်ဆောင်ခြင်း၊ သီးသန့်လမ်းများဖော်ဆောင်ခြင်း၊ လူအများပိုသယ်နိုင်ရန် ဘတ်(စ်)ကားအရှည်များ၊ တွဲဆိုင်းဘတ်(စ်)ကားဖြင့် ပြေးဆွဲခြင်း၊ ရိုးရိုးဘတ်(စ်)ကားစနစ်မှ အမြန်ဘတ်(စ်)ကားစနစ် (Bus Rapid Transit - BRT) ထူထောင်ခြင်းဖြင့် ခရီးသွားပြည်သူများကို ရထားစနစ်ကဲ့သို့ အမြန်ဆုံး သယ်ယူပို့ဆောင်ပေးနိုင်မှုကြောင့်လည်း အောင်မြင်သည့် BRT စနစ်ကို ကမ္ဘာ့နိုင်ငံအများအပြားတွင် တွေ့မြင်နေရပြီဖြစ်သည်။

**ဝန်ဆောင်မှုဗဟိုပြု အများပြည်သူသယ်ယူပို့ဆောင်ရေး**

နိုင်ငံအစိုးရတိုင်း အများပြည်သူအတွက် သယ်ယူပို့ဆောင်ရေးတွင် ဝန်ဆောင်မှုများဖြစ်သည့် ဘေးကင်းလုံခြုံစိတ်ချရခြင်း၊ သက်သောင့်သက်သာ လွယ်လွယ်ကူကူ စီးနင်းနိုင်ခြင်း၊ လိုရာခရီး အမြန်ဆုံးရောက်ရှိစေခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ အများအတွက်သက်သာသည့် ဈေးနှုန်းဖြစ်စေခြင်း စသည်တို့ကို ဦးစားပေးဖော်ဆောင်လေ့ရှိသည်။ ထို့အတွက်လည်း အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အမြတ်ရရှိရေးအတွက် အဓိကဦးတည်ဆောင်ရွက်ခြင်းမရှိဘဲ ဝန်ဆောင်မှုကောင်းများပေးနိုင်ရေးကိုသာ ရည်မှန်းလုပ်ဆောင်လေ့ရှိသည်။ ဝန်ဆောင်မှုအခြေပြု သယ်ယူပို့ဆောင်ရေးကို လက်တွေ့လုပ်ဆောင်သည့် ကုမ္ပဏီများ ရေရှည်ရပ်တည်နိုင်ရန် ထောက်ပံ့ကြေးများဖြင့် ပံ့ပိုးပေးခြင်းဖြင့် ဆောင်ရွက်လေ့ရှိသည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ပိုင်ဆိုင်မှုကိုလည်း တစ်ဦးချင်းပုဂ္ဂလိကပိုင်ဆိုင်မှုထက် ကုမ္ပဏီပိုင်ဆိုင်မှု ပြောင်းလဲစေခြင်းဖြင့် စီမံအုပ်ချုပ်မှုပို၍ လွယ်ကူစေသလို စွမ်းဆောင်ရည်အင်အားပိုမိုရှိသည့်အတွက်လည်း ဝန်ဆောင်မှုကောင်းများ ပေးနိုင်မည်ဖြစ်သည်။ တစ်ဦးချင်းပိုင်စနစ်သည် အမြတ်ရရှိရေးတို့သာ အဓိကဦးတည်လုပ်ဆောင်မှုကြောင့် ပြည်သူများအတွက် ဝန်ဆောင်မှုကောင်းများ မမျှော်လင့်နိုင်ပေ။ ဝန်ဆောင်မှုကောင်းသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးဖြစ်စေရန် နိုင်ငံအစိုးရများက ဆောင်ရွက်ရာတွင် အစိုးရပိုင်းက ကြီးကြပ်ကွပ်ကဲသည့်အပိုင်းသာ ဆောင်ရွက်လေ့ရှိပြီး တင်ဒါစနစ်ဖြင့် ကုမ္ပဏီများရွေးချယ်ရာတွင် ဈေးနှုန်းနှင့်ပေးသည့် ဝန်ဆောင်မှုကို အဓိကထားရွေးချယ်လေ့ရှိသည်။ အများသက်သာစေရန် ယာဉ်စီးခဈေးနှုန်းကို အစိုးရက သတ်မှတ်လေ့ရှိပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် ပေးရမည့်ဝန်ဆောင်မှုများ၊ ပြေးဆွဲမည့်အကြိမ်နှင့် ကီလိုမီတာအပေါ်မူတည်၍ ကုမ္ပဏီများအနေဖြင့်လည်း သင့်တင့်သည့် အမြတ်၊ ကုန်ကျစရိတ်အပါအဝင် ဈေးနှုန်းများဖော်ပြပြီး တင်ဒါပြိုင်ကြသည်။ လက်မှတ်ရောင်းရငွေအားလုံး အစိုးရရရှိပြီး ကုမ္ပဏီများသို့ ဝန်ဆောင်ခပေးရသည့် ငွေမလုံလောက်လျှင် ထောက်ပံ့ပေးကြေးဖြင့် ပံ့ပိုးပေးလေ့ရှိသည်။ ကုမ္ပဏီများအနေဖြင့်လည်း ငွေကြေးရရှိမှု၊ အရှုံး၊ အမြတ်စသည်တို့အတွက် စိတ်ပူစရာမလိုဘဲ အစိုးရနှင့်ချုပ်ဆိုထားသည့် ဝန်ဆောင်မှုများအပြည့်အဝဖော်ဆောင်နိုင်ရေးသာ ဖြစ်သည်။ အစိုးရအနေဖြင့်လည်း ကုမ္ပဏီတစ်ခုချင်းအတွက် ထိန်းသိမ်းကြီးကြပ်ရာတွင် ဝန်ဆောင်မှုစာချုပ်အတိုင်း ကြီးကြပ်လေ့ရှိပြီး အပြည့်အဝလိုက်နာမှုမရှိပါက အဆိုပါကုမ္ပဏီအနေဖြင့် ရေရှည်ရပ်တည်ရန် မဖြစ်နိုင်ပေ။ စင်ကာပူနိုင်ငံဆိုလျှင် အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် အရေးပါသည့် မြေအောက်ရထား၊ ဘတ်(စ်)ကားကိုလည်း စင်ကာပူ Land Transport Authority အောက်တွင်ရှိသည်။ ဘတ်(စ်)ကားပြေးဆွဲရေးအတွက် လိုင်းပေါင်း ၁၅၀ ကျော်ရှိပြီး ဇရိယာအလိုက်ဇုန်များ သတ်မှတ်ကာ SBS၊ SMRT စသည့် ကုမ္ပဏီကြီး လေးခုမှ တာဝန်ယူလုပ်ဆောင်ကာ အထက်ဖော်ပြခဲ့သည့် အစိုးရမှ ပံ့ပိုးသည့်စနစ်ဖြင့်သာ လုပ်ဆောင်ပါသည်။ တရုတ်နိုင်ငံတွင်လည်း ဘတ်(စ်)ကားများ အထူးသက်သာစေရန် စီမံထားပြီး အဆိုပါကုမ္ပဏီများကိုပြေးဆွဲသည့် ကီလိုမီတာအလိုက် ပြည်နယ်နှင့် ပြည်ပ အစိုးရထောက်ပံ့ကြေးများဖြင့် ပံ့ပိုးလေ့ရှိသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေး ထွန်းကားလာသည်နှင့်အမျှ ကိုယ်ပိုင်ကားအသုံးပြုမှု သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သလို ပြည်သူများအနေဖြင့်လည်း အများပြည်သူ သယ်ယူပို့ဆောင်ရေးကောင်းမွန်မှုကြောင့် အမြန်ဆုံးလိုရာခရီးရောက်စေခြင်းဖြင့် အချိန်အလဟဿမဖြစ်စေသည့်အတွက် ၎င်းတို့၏ထုတ်လုပ်မှုစွမ်းအားတိုးတက်စေမှုကြောင့် နိုင်ငံ၀င်ငွေကိုပါ တိုးတက်စေသည်။ အဆင်အပြေဆုံးနှင့် အမြန်ဆုံးသွားလာနိုင်လျှင် လူမှုရေးကောင်းကျိုးများပါ ရရှိစေမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတိုင်း အများပြည်သူသယ်ယူပို့ဆောင်ရေးကို ကောင်းသည်ထက်ကောင်းအောင် အထူးအလေးထား လုပ်ဆောင်နေခြင်းပင် ဖြစ်သည်။

**ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ရန်ကုန်သည် လူဦးရေ ခြောက်သန်းကျော်ဖြင့် အကြီးဆုံးမြို့ဖြစ်သလို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံ အရေးပါသည့် မြို့လည်းဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းရှိသည့်အတွက် ကုန်သွယ်မှုလုပ်ငန်းများ၊ နိုင်ငံတကာနှင့် ဆက်စပ်နေသည့် စက်ရုံများ၊ ဟိုတယ်ကြီးများ၊ လက်လီလက်ကားရောင်းဝယ်ရေး၊ အခြားအထွေထွေဝန်ဆောင်မှုလုပ်ငန်းများရှိနေသည့်အတွက် မြန်မာ့စီးပွားရေး ဗဟိုဌာနလည်းဖြစ်သည်။ ရန်ကုန်မြို့၏လူဦးရေ ၂ ဒသမ ၈ သန်းဝန်းကျင် နေ့စဉ်သွားလာရာတွင် ဘတ်(စ်)ကား၊ အငှားယာဉ်၊ ကိုယ်ပိုင်ကား၊ မီးရထား၊ water bus၊ မြစ်ကူးကူးတို့နှင့် သမ္ဗန်များကိုသာ အဓိကအားထားနေရဆဲဖြစ်ပြီး ဘတ်(စ်)ကားအသုံးပြုသူသည် ၂ ဒသမ ၃ သန်းဝန်းကျင်ရှိသည့်အတွက် ၈၅ ရာခိုင်နှုန်းသော ခရီးသွားပြည်သူများ ဘတ်(စ်)ကားကိုသာ အားကိုးနေရဆဲပင်ဖြစ်သည်။ မြို့ပတ်ရထားသည် ရှစ်သောင်းမှ တစ်သိန်းဝန်းကျင် သယ်ယူပို့ဆောင်နေပြီး JICA အကူအညီဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီးလျှင် ယာဉ်စီးရေတိုးလာမှုကြောင့် ခရီးသည် သုံးသိန်းကျော်ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေးတွင် ဘတ်(စ်)ကား၏ အရေးပါမှု ယခင်ကာလများကတည်းကရှိခဲ့ပြီး ယခုလည်းအရေးပါနေသလို နောင်လေး၊ ငါး၊ ဆယ်နှစ်အတွင်း ဆက်လက်အရေးပါဦးမည်ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါတီစုံဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စနစ်တို့တွင် ဘတ်(စ်)ကားပြေးဆွဲမှုကို အစိုးရက တာဝန်ယူခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်းက ဆောင်ရွက်ခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် ဘတ်(စ်)ကားပြေးဆွဲခြင်းကို ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများက လုပ်ဆောင်ခဲ့ပြီး စီမံအုပ်ချုပ်မှုကို မ. ထ. သ ဟု အတိုကောက်ခေါ်သည့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဖြင့် ဆောင်ရွက်ခဲ့သည်မှာ ယခုအစိုးရသစ်လက်ထက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့အထိ ဖြစ်သည်။

မ. ထ. သ စနစ်ဖြင့် ဘတ်(စ်)ကားပြေးဆွဲခြင်းကို နှစ်ပေါင်းများစွာလုပ်ဆောင်ခဲ့ပြီး တစ်ဦးချင်းပိုင် ကိုယ်ရ ကိုယ်ယူဖြစ်သည့်အတွက် ဘတ်(စ်)ကားပိုင်ရှင်များအတွက် အကျိုးရှိသော်လည်း ခရီးသွားပြည်သူအတွက်မူ ကားဟောင်းများဖြစ်သည့်အတွက် ဘေးကင်းလုံခြုံမှု၊ သက်သောင့်သက်သာဖြစ်မှုတို့ မဆောင်ရွက်နိုင်ဘဲ ခရီးစဉ်လမ်းကြောင်းပြောင်းလဲခြင်း၊ ယာဉ်စီးခများ တိုးမြှင့်ကောက်မှုတို့အပြင် ယာဉ်နောက်လိုက်များ၏ ရိုင်းပျစွာပြောဆိုဆက်ဆံမှုများကြောင့်လည်း ခရီးသွားပြည်သူများ လူပင်ပန်း၊ စိတ်ပင်ပန်းမှုများစွာဖြင့် ကြုံခဲ့ရသည်။

**YBS စနစ်သစ် စတင်ခြင်း**

ရန်ကုန်ဘတ်(စ်)ကားဝန်ဆောင်မှု YBS (Yangon Bus Services) စနစ်သစ်ကို အစိုးရသစ်လက်ထက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင်စတင်ခဲ့ပြီး မ. ထ. သ စနစ်ကို ဖျက်သိမ်းခဲ့သည်။ YBS စနစ်စတင်ခြင်းသည် ပြည်သူကိုဗဟိုပြု၍ ဝန်ဆောင်မှုကောင်းသည့် ဘတ်(စ်)ကားစနစ်ပေါ်ထွန်းလာစေရေး ရည်မှန်းချက်ဖြင့် ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဝန်ဆောင်မှုကောင်းဆိုသည်မှာ ခရီးသွားပြည်သူများအတွက် ဘေးကင်းလုံခြုံမှု၊ သက်သောင့်သက်သာရှိမှု၊ ပွင့်လင်းမြင်သာမှု၊ လိုရာခရီးအမြန်ဆုံးရောက်ရှိစေမှုနှင့် ဂုဏ်သိက္ခာရှိရှိစီးနင်းနိုင်မှု စသည်တို့ဖြစ်သည်။ YBS ပြောင်းလဲခြင်းသည် ရှိပြီးသားစနစ်ကို ပို၍ကောင်းစေရန် ပြုပြင်ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ စနစ်သစ်သို့ အလုံးစုံပြောင်းလဲခြင်းဖြစ်၍ ပို၍ခက်ခဲကျယ်ပြန့်ပါသည်။ YBS စနစ်ပြောင်းလဲမှုတွင် အဓိကအားဖြင့် စီမံအုပ်ချုပ်သည့် စနစ်ပြောင်းလဲခြင်း၊ ပိုင်ဆိုင်မှုပုံစံပြောင်းလဲခြင်း၊ ပြေးဆွဲသည့်လမ်းကြောင်းစနစ်ပြောင်းလဲခြင်းနှင့် ဝန်ဆောင်မှုကောင်းစေရန် ကားဟောင်းများအစား ကားသစ်များအစားထိုးခြင်း စသည့်လုပ်ငန်းစဉ်ကြီးလေးခုကို ဇောင်းပေးဖော်ဆောင်ပါသည်။

ပထမအချက်မှာ ယခင်ဘတ်(စ်)ကားပြေးဆွဲခြင်းကို မ. ထ. သ (မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးကော်မတီ) မှ စီမံအုပ်ချုပ်နေမှုကို ဖျက်သိမ်းပြီး ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (Yangon Region Transport Authority) က ကြီးကြပ်ကွပ်ကဲဆောင်ရွက်သည်။ မ. ထ. သ သည် အစိုးရမပါသည့် NGO အဖွဲ့အစည်းဖြစ်၍ ကွပ်ကဲကြီးကြပ်မှုအားနည်းမှုများကြောင့် အစိုးရပါဝင်သည့် YRTA ဖြင့်အစားထိုးလိုက်ခြင်းပင် ဖြစ်သည်။ ဒုတိယအချက်မှာ ပိုင်ဆိုင်မှုပုံစံကို တစ်ဦးချင်းပိုင်ဆိုင်မှုမှ ကုမ္ပဏီပိုင်ဆိုင်မှုသို့ ပြောင်းလဲခြင်းဖြစ်သည်။

မ. ထ. သ လက်ထက် ဘတ်(စ်)ကားများ၏ ပိုင်ဆိုင်မှုမှာ တစ်ဦးချင်းပိုင်များဖြစ်ပြီး owner ကြေးဖြင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ကားကိုအပ်ပြီးပြေးဆွဲစေသည့်အတွက် ငွေရရှိရေးကိုသာ အဓိကထားလုပ်ဆောင်ကြ၍ ပြည်သူများအားဝန်ဆောင်မှုပေးရန် မရည်ရွယ်ပေ။ အရင်းအနှီးဈေးသက်သာသည့်တစ်ပတ်ရစ်ကားများ၊ သက်တမ်းကြာသည့်ကားဟောင်းများဖြင့်သာ ပြောင်းလဲခဲ့သည့်အတွက် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအနေဖြင့် owner ကြေးအပြင် မိမိတို့အတွက် ငွေရရှိရန်အသည်းအသန်ရှာဖွေသည့်အတွက်လည်း ကားအချင်းချင်းပြိုင်ခြင်း၊ ခရီးသည်လုခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းတို့အပြင် ခရီးသည်တို့အတွက် ဘေးကင်းလုံခြုံမှု၊ သက်သောင့်သက်သာရှိမှု စသည်တို့မပေးနိုင်သလို လမ်းကိုအသုံးပြုသည့် အခြားယာဉ်များ၏ လုံခြုံမှုကိုပါထိခိုက်ပါသည်။ ယာဉ်တိုက်မှုများအဖြစ်များပြီး ယာဉ်မောင်းထွက်ပြေးမှုကြောင့် တာဝန်ခံ ဖြေရှင်းပေးနိုင်မှုများအားနည်းခဲ့ပါသည်။ ပုဂ္ဂလိကယာဉ်လိုင်းများအနေဖြင့် အကျိုးအမြတ်တွက်ခြေကိုက်သည့် လမ်းကြောင်းကိုသာ ပြေးဆွဲလိုပြီး ဝေးသည့်လမ်းကြောင်းများ၊ တက္ကသိုလ်အခြေပြုလမ်းကြောင်းများဆိုလျှင် မပြေးဆွဲလိုပေ။ ကုမ္ပဏီဆိုလျှင် တွက်ခြေကိုက်သည့်လမ်းနှင့် မကိုက်သည့်လမ်းမျှပြီးပြေးဆွဲစေရန် လုပ်ဆောင်နိုင်သည်။ အစိုးရအနေဖြင့်လည်း ပြည်သူလူထုလိုအပ်ချက်ဖြစ်လျှင် စီးပွားရေးတွက်ခြေကိုက်မှုထက် လူမှုရေးအကျိုးစီးပွားအတွက် မဖြစ်မနေပြေးဆွဲရမည်ဆိုပါက ကုမ္ပဏီပိုင်ကားများကသာ အနစ်နာခံနိုင်သည်။ အားသာသည့်အချက်မှာ ကုမ္ပဏီစနစ်သည် အစိုးရဖော်ဆောင်လိုသည့် ဝန်ဆောင်မှုကောင်းများ အပြည့်အဝပေးနိုင်ခြင်းပင်ဖြစ်သည်။ ထို့အတွက်လည်း တစ်ဦးချင်းပိုင်ဆိုင်မှုအစား ဝန်ဆောင်မှုကောင်းစေရန်နှင့် စီမံကွပ်ကဲမှုပိုမိုကောင်းစေရေးအတွက် တစ်ဦးချင်းပိုင်စနစ်မှ ကုမ္ပဏီစနစ်သို့ ပြောင်းလဲစေရေးလုပ်ဆောင်ခြင်းဖြစ်သည်။ တတိယအချက်မှာ ပြေးဆွဲသည့်လမ်းကြောင်း စနစ်ပြောင်းလဲခြင်းပင်ဖြစ်သည်။ ယခင်က လမ်းကြောင်းပေါင်း ၃၃၀ ကျော်ရှိခဲ့ရာ YBS စနစ်တွင် လမ်းကြောင်း ၁၀၀ ဝန်းကျင် လျှော့ချခြင်းပင်ဖြစ်သည်။ လမ်းတစ်လမ်း၊ လိုင်းတစ်လိုင်းစနစ်ဖြင့်သာ ခွင့်ပြုပေးပြီး ယခင်က လမ်းတစ်ကြောင်းတွင် ယာဉ်လိုင်းပေါင်းများစွာက အပြိုင်အဆိုင် ပြေးဆွဲခဲ့သည့်အတွက် အန္တရာယ်များသည့်အပြင် ယာဉ်ကြောပိတ်ဆို့မှုကိုပါ ဖြစ်စေသည်။ ယခုစနစ်တွင်မူ မြို့တွင်းပတ်လမ်း သုံးလမ်းကြောင်း အပါအဝင် ယာဉ်လိုင်းပေါင်း ၁၀၀ ဝန်းကျင်ဖြင့်သာ ခွင့်ပြုထားသည်။

စတုတ္ထအချက်မှာ ဘတ်(စ်)ကား ယာဉ်အို၊ ယာဉ်ဟောင်းများအစား ကားသစ်များဖြင့် အစားထိုးခြင်းပင်ဖြစ်ပြီး ဝန်ဆောင်မှုကောင်းဖြစ်စေရေးအတွက် ကားသစ်များ လိုအပ်ပါသည်။ အထူးသဖြင့် မြို့အင်္ဂါရပ်နှင့်မကိုက်ညီသည့် ဒိုင်နာများ၊ B.M ဘတ်(စ်)ကားများ၊ လမ်းစနစ်နှင့် မကိုက်ညီသည့် ညာမောင်း၊ ဘယ်ပေါက်များအပြင် နှစ် ၂၀ သက်တမ်းရှိ ဘတ်(စ်)ကားများအစား ကားသစ်များဖြင့် အစားထိုးပြေးဆွဲစေခြင်းပင်ဖြစ်သည်။ ကားဟောင်းများကို အသစ်ဖြင့် အစားထိုးရာတွင် ကားဟောင်းပိုင်ရှင်များ မနစ်နာစေရန်အတွက် နိုင်ငံတော်က အထူးအခွင့်အရေးအနေဖြင့် ဘတ်(စ်)ကားဟောင်းများအပ်လျှင် ဆလွန်းကား စလစ်ထုတ်ပေးခြင်းအားဖြင့် စလစ်တန်ဖိုးရရှိစေပါသည်။ ယခုအခါ YBS တွင် နှစ် ၂၀ ကြာ ကားအိုကားဟောင်းများမရှိတော့ဘဲ ၂၀၀၆-၂၀၀၇ ခုနှစ် ထုတ် ဘတ်(စ်)ကားများနှင့် အများစုမှာ brand new ကားသစ်များသာရှိသည်။ သို့သော် နှစ် ၂၀ မကြာသော်လည်း စက်စွမ်းအားကျနေသည့် အချို့ဘတ်(စ်)ကားများရှိနေသေးရာ အဆိုပါကားသစ်များအနေဖြင့် YBS ၏ အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် လေအေးပေးစက်မဖွင့်ဘဲ မောင်းနေသည့်ကားများမှာ ပုဂ္ဂလိကပိုင်ယာဉ်လိုင်းများ၏ ကားများပင်ဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

> “ အစိုးရအနေဖြင့်လည်း ပြည်သူလူထု လိုအပ်ချက်ဖြစ်လျှင် စီးပွားရေးတွက်ခြေကိုက်မှုထက် လူမှုရေးအကျိုးစီးပွားအတွက် မဖြစ်မနေပြေးဆွဲရမည်ဆိုပါက ကုမ္ပဏီပိုင်ကားများကသာ အနစ်နာခံနိုင်သည်။ အားသာသည့်အချက်မှာ ကုမ္ပဏီစနစ်သည် အစိုးရဖော်ဆောင်လိုသည့် ဝန်ဆောင်မှုကောင်းများ အပြည့်အဝပေးနိုင်ခြင်းပင် ဖြစ်သည်။ ထို့အတွက်လည်း တစ်ဦးချင်း ပိုင်ဆိုင်မှုအစား ဝန်ဆောင်မှုကောင်းစေရန်နှင့် စီမံကွပ်ကဲမှုပိုမိုကောင်းစေရေးအတွက် တစ်ဦးချင်းပိုင်စနစ်မှ ကုမ္ပဏီစနစ်သို့ ပြောင်းလဲစေရေးလုပ်ဆောင်ခြင်းဖြစ်သည်။ ”

# အရှေ့တောင်အာရှဒေသအတွင်း လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများအား ပုံစံသစ်ဖြင့် ပူးပေါင်းဆောင်ရွက်မှု ဆယ်စုနှစ်ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် နိုဝင်ဘာ ၈**

စင်ကာပူနိုင်ငံ Hotel Jen Tanglin Singapore တွင် ကျင်းပသော နာဂစ် ဆိုင်ကလုန်းမုန်တိုင်း (၁၀) နှစ်ပြည့် ကာလနှင့် အရှေ့တောင်အာရှဒေသအတွင်း လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများကို ပုံစံသစ်ဖြင့် ပူးပေါင်း ဆောင်ရွက်မှု ဆယ်စုနှစ်ညီလာခံသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက် ၍ မိန့်ခွန်းပြောကြားသည်။

ညီလာခံ၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေ ဖြင့် ၂၀၀၈ ခုနှစ်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်း ကြောင့် ဆုံးရှုံးမှုများစွာ ကြုံတွေ့ခဲ့ရသော်လည်း နိုင်ငံ အတွက် တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာများရရှိခဲ့ ကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ အထူး သဖြင့် အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်မှုကို ပြသ သော AHA Centre (ASEAN Coordinating Centre For Huma- nitarian Assistance on Disaster Management) ပေါ်ပေါက်လာပြီး ဘေးအန္တရာယ် ကြုံတွေ့ပါက အာဆီယံနိုင်ငံများ ပူးပေါင်းတုံ့ပြန်နိုင်သည့် ASEAN-ERAT (ASEAN- Emergency Response and Assessment Team)ကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ယခုအခါ ကမ္ဘာ့နိုင်ငံများတွင် သဘာဝဘေးသာမက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့နှင့်ပတ်သက်ပြီး ပဋိပက္ခ များ၊ ဘေးဒုက္ခများ ကြုံတွေ့နေရကြောင်း၊ ရခိုင်အရေးနှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင် ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး ပြည်ထောင်စုစီမံကိန်း (UEHRD)ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ UEHRD သည် ပုဂ္ဂလိက၊ အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မိတ်ဆွေနိုင်ငံများ အတူတကွပူးပေါင်း ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း၊ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဖြစ်စဉ်များတွင် ထိရောက်သော တုံ့ပြန် မှုများကို ပူးပေါင်းဆောင်ရွက်ရန် မှန်ကန်သောနည်းလမ်း များကို ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသူများကို ပြန်လည် လက်ခံရေးတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘော တူညီချက်များ ချမှတ်ထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန် နည်းလမ်းများကို ဖော်ထုတ်ထားရှိပြီး ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံအသီးသီး၏ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့်ကဏ္ဍများတွင် ချိတ်ဆက် အကောင်အထည်ဖော်ခြင်းဖြင့် ရခိုင်ဒေသတွင် တည်ငြိမ် အေးချမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။




အဆိုပါ ညီလာခံသို့ စင်ကာပူနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ဆွီဒင်နိုင်ငံ သံရုံးနှင့် ဖင်လန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ နန့်ယန်တက္ကသိုလ်မှ ပါမောက္ခများနှင့် သုတေသနအရာရှိများ၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ညီလာခံကို နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ် သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဖင်လန် နိုင်ငံ သမ္မတဟောင်း H.E. TARJA HALONEN နှင့် စင်ကာပူနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီး H.E. Paula Parviainen တို့က တည်ခင်းဧည့်ခံသော နေ့လယ်စာကို စင်ကာပူနိုင်ငံဆိုင်ရာ ဆွီဒင်သံအမတ်ကြီး Mr. Niclas Kvamstrom၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ စေ့စပ် ညှိနှိုင်းရေးဆိုင်ရာ အကြံပေးအဖွဲ့ဝင် Dr. Noeleen Heyzer တို့နှင့်အတူ တက်ရောက်သည်။

ထို့နောက် ညီလာခံတွင် ဆက်လက်ကျင်းပလျက်ရှိ သော မျက်မှောက်ခေတ် ရှုပ်ထွေးသော ပြဿနာအခြေ အနေများနှင့် လူသားချင်းစာနာမှုအကူအညီပေးရေး အတွေ့အကြုံများကဏ္ဍ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ သည်။

**သတင်းစဉ်**



**❋ အာရှဗိုဗီနမ်မှ**

အမျိုးသမီး ၅၄ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ Ying-Yang Sword Form ပြိုင်ပွဲ၊ Dual Knife Form ပြိုင်ပွဲနှင့် Aspect Broads ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလိုတန်းအတိုက်ပြိုင်ပွဲနှင့် Pair Machete Form ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတို့၌ ကြေးတံဆိပ် ၁၀ ခု ရရှိခဲ့သည်။

ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အားကစား သမားပေါင်း ၂၃၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံအလိုက် ရပ်တည်မှုအရ ရွှေ ၁၃ ခု၊ ငွေ ၁၁ ခု၊ ကြေး တစ်ခုဖြင့် ဗီယက်နမ်နိုင်ငံက ပထမ၊ ရွှေ ၁၁ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၄ ခုဖြင့် ကမ္ဘောဒီးယားနိုင်ငံက ဒုတိယနှင့် ရွှေ သုံးခု၊ ငွေ တစ်ခုနှင့် ကြေး ၁၀ ခုဖြင့် မြန်မာနိုင်ငံမှ နိုင်ငံအလိုက် တတိယအဆင့် ရရှိသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ ထွက်ပေါက်များ | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ | | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ် | ၃၇၂၂၃ | ၁၆၉၉၃ | ၃၉၇၄၈ | ၁၆၀၆၁ | |
| ၂ | မန္တလေးလေဆိပ် | ၇၈၁၇ | ၃၂၈၇ | ၈၁၈၃ | ၃၈၉၁ | |
| ၃ | နေပြည်တော်လေဆိပ် | ၆၉ | ၃၂၀ | ၂၅၈ | ၂၃၉ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၃၄၇ | ၁၉၇ | ၃၀၄၅ | ၉၆ | |
| ၆ | မြဝတီ | ၈၉၂ | ၃၄၃ | ၉၅၃ | ၅၉၇ | |
| ၇ | ကော့သောင်း | ၂၂၃ | ၈၂ | ၃၃၀ | ၉၃ | |
| ၈ | ထီးခီး | ၁၂၂ | ၃၁ | ၃၁ | ၁၀ | |
| ၉ | တမူး | ၀ | ၀ | ၉၆ | ၁၄ | |
| ၁၀ | ရိခေါ်ဒါ | ၀ | ၀ | ၃ | ၄ | |
| | စုစုပေါင်း | ၄၆၆၉၃ | ၂၀၂၅၃ | ၅၂၆၄၇ | ၂၀၀၀၅ | |

## အပြည်ပြည်ဆိုင်ရာ လေဆိပ်/ရေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ | | | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | ဧပြီ | ၃၄၃၆၇ | ၁၉၆၀၅ | ၅၃၉၇၂ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ |
| ၂ | မေ | ၂၈၄၄၆ | ၂၀၅၁၈ | ၄၈၉၆၄ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ |
| ၃ | ဇွန် | ၂၆၅၆၅ | ၁၈၀၃၄ | ၄၄၅၉၉ | ၂၈၈၄၄ | ၁၈၆၃၆ | ၄၇၄၈၀ |
| ၄ | ဇူလိုင် | ၃၃၄၉၈ | ၂၀၆၃၄ | ၅၄၁၃၂ | ၃၀၄၉၆ | ၂၀၆၇၃ | ၅၁၁၆၉ |
| ၅ | ဩဂုတ် | ၃၄၆၀၄ | ၁၈၉၂၂ | ၅၃၅၂၆ | ၃၂၀၆၈ | ၁၉၈၀၇ | ၅၁၈၇၅ |
| ၆ | စက်တင်ဘာ | ၃၀၆၉၃ | ၁၉၂၈၃ | ၄၉၉၇၆ | ၃၀၇၆၈ | ၂၁၄၅၁ | ၅၂၂၁၉ |
| ၇ | အောက်တိုဘာ | ၄၆၆၉၃ | ၂၀၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၀၀၀၅ | ၇၃၆၅၂ |
| | စုစုပေါင်း | ၂၃၄၈၆၆ | ၁၃၈၂၄၉ | ၃၇၃၁၁၅ | ၂၃၅၁၁၇ | ၁၄၃၃၈၉ | ၃၇၈၅၀၆ |

# ဆူဇူကီးဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်ပြင်ဆင်

**မန္တလေး နိုဝင်ဘာ ၈**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု ပွဲများယှဉ်ပြိုင်ရန် နိုဝင်ဘာ ၈ ရက် ညနေပိုင်းမှစ၍ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ကာတာခြေစမ်းခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တွင် လေ့ကျင့်မှု ရပ်နားခဲ့ကာ နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့သို့ထွက်ခွာပြီး ညနေပိုင်းတွင် ပြန်လည်လေ့ကျင့်ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကစားသမား ၂၅ ဦးဖြင့် မန္တလေးမြို့၌ လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး အပြီးသတ်ကစားသမား ၂၃ ဦးကို ရက်ပိုင်းအတွင်း လျှော့ချမည်ဖြစ်သည်။ မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ကာတာ ခြေစမ်းခရီးစဉ်အပြီးတွင် ဒဏ်ရာရကစားသမားများအား လျှော့ချခဲ့ပြီး ပေါင် ကြွက်သားဒဏ်ရာရထားသည့် ထိုက်ထိုက်အောင်နှင့် ဒူးဒဏ်ရာရထားသည့် မျိုးကိုထွန်းတို့ကို ကလပ်အသင်းသို့ ပြန်လည်စေလွှတ်ခဲ့သည်။ မြန်မာ့ လက်ရွေးစင်အသင်းသည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် စက်တင်ဘာ ၂၈ ရက်တွင် ခြေစမ်းပွဲစတင်ယှဉ်ပြိုင်ကစားခဲ့ပြီး နိုင်ငံတကာခြေစမ်းပွဲခြောက်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးနိမ့်ထားသည်။ မြန်မာ့ လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှား၊ ဘိုလီဗီးယား၊ ဘာရိန်းလက်ရွေးစင် အသင်းတို့နှင့် ခြေစမ်းကစားခဲ့ပြီး ကာတာခြေစမ်းခရီးစဉ်တွင် ကာတာကလပ် အယ်လ်ဒူဟေးလ်အသင်းနှင့် တစ်ပွဲ၊ ကာတာတပ်မတော်လက်ရွေးစင် အသင်းနှင့် နှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အသင်း ၁၀ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု (ခ) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများကို ယနေ့ စတင် ကျင်းပပြီး မြန်မာအသင်းမှာမူ ပထမပွဲအဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် ကမ္ဘော ဒီးယားအသင်းနှင့် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ် သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ်-အန်တွမ်နီဟေး၊ လက်ထောက် နည်းပြ-ကာလက်၊ ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ-ကာစတန်၊ အတွင်းရေးမှူး- ဦးမိုးဝေအောင်၊ ဂိုး-ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်း)၊ နောက်တန်း - သိန်းသန်းဝင်း(ရတနာပုံ)၊ ဒေးဗစ်ဒန်း (ရှမ်း)၊ နန္ဒကျော်၊ ဝင်းမိုးကျော်(မကွေး)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ ပြည့်ဖြိုးဇော်(ရန်ကုန်)၊ အလယ်တန်း - လှိုင်းဘိုဘို၊ စည်သူအောင်၊ ရဲကိုဦး၊ ရဲရင့်အောင်၊ မြတ်ကောင်း ခန့်(ရတနာပုံ)၊ သန်းထက်အောင် (ဇွဲကပင်)၊ ထက်ဖြိုးဝေ၊ ရန်နိုင်ဦး (ရှမ်း)၊ လွင်မိုးအောင်(အား/ကာသိပ္ပံ)၊ မောင်မောင်စိုး(မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ ရှေ့တန်း- အောင်သူ (Police Tero)၊ ကောင်းဆက်နိုင် (ဆာမတ် ဆာခွန်)၊ ဇင်မင်းထွန်း(ရှမ်း)နှင့် အီစိုး(ရန်ကုန်)တို့ ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်**

# ၂၀၁၇ ခုနှစ် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် ပတ်သက်၍ နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် မက်(စ်) ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းအနေဖြင့် နှစ်စဉ်လုပ်ငန်းဆန်းစစ် ဆွေးနွေးပွဲများကို ဗဟိုနှင့် ပြည်နယ်၊ တိုင်းဒေသကြီးများမှ တီဘီရောဂါဆိုင်ရာ ဆရာဝန်ကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ထမ်းများ စုံလင်စွာပါဝင်ကျင်းပလျက်ရှိသည်ကို သိရှိရ၍ ဝမ်းမြောက်ပါကြောင်း။

တီဘီရောဂါဖြစ်ပွားမှုအကြောင်းရင်းများသည် မိမိတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဖြစ်ပွားမှုလျော့နည်းကျဆင်းစေရန် ဆောင်ရွက်ပေးနိုင်သည်များရှိသကဲ့သို့ မိမိတို့ဆောင်ရွက်နိုင်သည့် ပမာဏ ထက်ကျော်လွန်၍ အခြားဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများလည်း ရှိပါကြောင်း။




### လူထုပိုမိုလက်ခံသိရှိအောင် ဆောင်ရွက်

တီဘီရောဂါဖြစ်ပွားခြင်း အကြောင်းရင်းများတွင် အဓိကအကြောင်းအချက်အနေဖြင့် ပြည်သူတို့၏ တီဘီရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာမြင့်မားမှုသည် အထူးအဓိကကျပါကြောင်း၊ ပြည်သူတို့က တီဘီရောဂါဆိုင်ရာ လက္ခဏာများကို ရှေးဦးစွာသတိပြုမိမှု၊ တီဘီရောဂါ သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သွားရောက်ပြီး ကုသမှုခံယူလိုမှု၊ တီဘီဆေးပတ်လည်အောင် မှန်ကန်စွာသောက်မှု စသည့်အချက်များကို ပြည်သူလူထု ပိုမိုလက်ခံသိရှိအောင် ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေး စသည်တို့သည် အလွန်အဓိကကျပါကြောင်း။

တီဘီရောဂါဆိုင်ရာ ဆရာဝန်ကြီးများ၊ တာဝန်ရှိသူများအနေဖြင့် တီဘီရောဂါကို ကာကွယ်နှိမ်နင်းထိန်းချုပ်ရာတွင် ပြည်သူလူထုအတွင်းရှိနေနိုင်သည့် တိမ်မြုပ်လျက်ရှိသော တီဘီလူနာများကို ရှာဖွေကုသပေးခြင်း၊ တစ်နည်းအားဖြင့် တီဘီရောဂါဖြစ်ပြီး မိမိကိုယ်တိုင်သတိပြုမိမှု မရှိသော၊ တီဘီရောဂါကုသမှုကို မခံယူရသောလူနာများကို ထိရောက်စွာရှာဖွေကုသ၍ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေးသည် အထူးအရေးပါကြောင်း။

### ပွင့်ပွင့်လင်းလင်းတင်ပြ

ရောဂါတိုက်ဖျက်ရေးစီမံကိန်းများအနေဖြင့် ယခုကဲ့သို့ လုပ်ငန်းဆန်းစစ်သုံးသပ်မှုများ ဆောင်ရွက်ရာတွင် ပြတ်ပြတ်သားသား ဝေဖန်သုံးသပ်ဆောင်ရွက်၍ တွေ့ရှိချက်များနှင့် ဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးပေးရန် လိုအပ်သည့်အချက်များကိုလည်း ပွင့်ပွင့်လင်းလင်းတင်ပြကြရန် လိုအပ်ပါကြောင်း။

အချို့ဒေသများတွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းမှာ ကျဆင်းလာကြောင်းသိရှိရ၍ ဝမ်းမြောက်မိသော်လည်း အမှန်တကယ်ကျဆင်းလာခြင်း (သို့မဟုတ်) စာရင်းဇယား ပြည့်စုံမှုမရှိ၍ ကျဆင်းလာခြင်းကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ရန် လိုအပ်ပါကြောင်း။

တီဘီလူနာများကို တိုးမြှင့်ရှာဖွေရန် Digital Mobile X-ray Rom ကားငါးစီး အသုံးပြုသွားမည်ဖြစ်ရာ မည်သည့်နေရာဒေသ၌ မည်သည့်နည်းဗျူဟာဖြင့် ဆောင်ရွက်မည်ကို သတ်မှတ်၍ ညွှန်ကြားချက်များ ပြုလုပ်ထားရမည်ဖြစ်ပါကြောင်း။

### ကြိုးစားဆောင်ရွက်

တီဘီ၊ အိပ်(ချ်)အိုင်ဗွီ ပူးပေါင်းကုသခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ မြို့နယ်အားလုံးကို လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သော်လည်း တီဘီလူနာများတွင် အိပ်(ချ်)အိုင်ဗွီပိုး ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ART coverage အနည်းဆုံး ၉၀ ရာခိုင်နှုန်းရရှိရန် ကြိုးစားဆောင်ရွက်ရန် မှာကြားလိုကြောင်း။

၂၀၁၂-၂၀၁၃ ခုနှစ်တွင်ဆောင်ရွက်ခဲ့သော 3rd Drug Resistance Survey အရ ဆေးယဉ်ပါးတီဘီရောဂါသည် သလိပ်ပိုးတွေ့ တီဘီလူနာသစ်များတွင် ငါးရာခိုင်နှုန်းခန့်နှင့် တီဘီရောဂါ ပြန်ဖြစ်လူနာများတွင် ၂၇ ရာခိုင်နှုန်းခန့် တွေ့ရှိခဲ့ရပြီး ဆေးယဉ်ပါးတီဘီရောဂါ ရှာဖွေတွေ့ရှိသူများအားလုံးတွင် ဆေးကုသပေးနိုင်မှုလိုအပ်ချက်ကို ၂၀၁၂ ခုနှစ်တွင် ၄၃ ရာခိုင်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၁၇ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ကြောင်း။

### လွှမ်းခြုံဆောင်ရွက်လျက်ရှိ

လက်ရှိအချိန်တွင် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များ၌ BSL-3 တီဘီဓာတ်ခွဲခန်းများဖြင့် ဆေးယဉ်ပါးတီဘီရောဂါရှာဖွေခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ Rapid Diagnostic Test ဖြစ်သော Gene-Xpert စုစုပေါင်း ၈၆ လုံးဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတို့တွင် လွှမ်းခြုံဆောင်ရွက်လျက်ရှိပါကြောင်း။

တီဘီရောဂါတိုက်ဖျက်ရေးမှာ ယခုလိုအောင်မြင်မှုများ ရရှိလာသည့်အတွက် ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့မှ တာဝန်ရှိသူများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်းနှင့် နိဂုံးချုပ်အနေဖြင့် ယခုလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲမှ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပြီး ဖြစ်နိုင်ခြေရှိသော ဆောင်ရွက်ရန်အချက်များ ချမှတ်ကြရန်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသူများအားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က မြန်မာနိုင်ငံ တီဘီရောဂါအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ လိုအပ်ချက်များ၊ ပံ့ပိုးပေးရန် လိုအပ်မည့် အချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှ တီဘီရောဂါဆိုင်ရာ တာဝန်ခံဆရာဝန်ကြီးများက မိမိတို့ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် တီဘီရောဂါနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ဆန်းစစ်သုံးသပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တီဘီရောဂါဆိုင်ရာ တာဝန်ရှိသူကလည်း တီဘီရောဂါနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှမြားပစ်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်း လက်စွမ်းပြပြီး နိုင်ငံအလိုက် ပထမနေရာရရှိ

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာ့မြားပစ်အားကစားနည်း တိုးတက်အောင်မြင်လာရန်၊ နိုင်ငံတကာပြိုင်ပွဲများတွင် စဉ်ဆက်မပြတ်ဝင်ရောက်ယှဉ်ပြိုင်ပြီး အားကစားသမားများ၏ အရည်အသွေးတိုးတက်လာရန်၊ အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ၊ အာဆီယံတက္ကသိုလ်ပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရယူနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက်အလွတ်တန်း မြားပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို နိုဝင်ဘာ ၇ ရက်က ရန်ကုန်မြို့ရှိ ကျိုက္ကဆံမြားပစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာမြားပစ်အဖွဲ့က ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ထပ်မံရရှိပြီး ပြိုင်ပွဲအပြီးတွင် ရွှေ ၁၀ ခု၊ ငွေခြောက်ခု၊ ကြေးခုနစ်ခုဖြင့် နိုင်ငံအလိုက် ပထမနေရာရရှိခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် အသင်းလိုက်နှင့် Mixed Team ပြိုင်ပွဲများကျင်းပရာ Compound Mixed Team ပြိုင်ပွဲတွင် မြန်မာမှ ဇင်သူရိန်မှူးနှင့် စုစုလှိုင်အတွဲက ရွှေတံဆိပ်၊ ဟောင်ကောင်အတွဲက ငွေတံဆိပ်၊ လာအိုအတွဲက ကြေးတံဆိပ်၊ Recurve Mixed Team ပြိုင်ပွဲတွင် မြန်မာမှ ကောင်းခန့်မော်နှင့် သီတာနွယ်အတွဲက ရွှေတံဆိပ်၊ ဘင်္ဂလားဒေ့ရှ်အတွဲက ငွေတံဆိပ်၊ ဟောင်ကောင်အတွဲက ကြေးတံဆိပ်၊ Compound အသင်းလိုက် အမျိုးသားပြိုင်ပွဲတွင် ဟောင်ကောင်အသင်းက ရွှေတံဆိပ်၊ လာအိုအသင်းက ငွေတံဆိပ်၊ မြန်မာအသင်းက ကြေးတံဆိပ်၊ အမျိုးသမီးပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက ငွေတံဆိပ်၊ လာအိုအသင်းက ကြေးတံဆိပ်၊ Recurve အသင်းလိုက် အမျိုးသားပြိုင်ပွဲတွင် မြန်မာ (က)အသင်းက ရွှေတံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ်၊ မြန်မာ (ခ) အသင်းက ကြေးတံဆိပ် ရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ နိုင်ငံအလိုက် ဆုရရှိမှုတွင် ပထမဆုရ မြန်မာအသင်း၊ ဒုတိယဆုရ ထိုင်းအသင်း၊ တတိယဆုရ ဟောင်ကောင်အသင်းတို့အား ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးကျော်ဦး (ဒုတိယအမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)က ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲအလိုက်ဆုရရှိသည့် ကစားသမားများအား ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Sanguan Kosavinta၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌများဖြစ်သည့် ဦးကျော်ဦး (ဒုတိယအမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)၊ ဦးတောက်ထွန်း၊ ဒေါက်တာမြတ်သူရစိုး၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများဖြစ်သည့် ဒေါ်နန်းအေးခိုင်၊ ဒေါ်ခင်မျိုးနွယ်၊ ဒေါ်ထွေးထွေးဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည်။ မြန်မာအသင်းက ရွှေ ၁၀ ခု၊ ငွေခြောက်ခု၊ ကြေးခုနစ်ခုဖြင့် နိုင်ငံအလိုက် ပထမနေရာရခဲ့ပြီး ထိုင်းအသင်းက ရွှေလေးခု၊ ငွေငါးခု၊ ကြေးတစ်ခုဖြင့် ဒုတိယ၊ ဟောင်ကောင်အသင်းက ရွှေသုံးခု၊ ငွေသုံးခု၊ ကြေးငါးခုဖြင့် တတိယ၊ ဘင်္ဂလားဒေ့ရှ်အသင်းက ရွှေတစ်ခု၊ ငွေနှစ်ခုဖြင့် စတုတ္ထ၊ လာအိုအသင်းက ငွေနှစ်ခု၊ ကြေးငါးခုဖြင့် ပဉ္စမနေရာတို့တွင် ရပ်တည်ခဲ့သည်။ **ရှိုင်းထက်ဇော်၊ မြင့်မောင်စိုး**




**အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲတွင် နိုင်ငံအလိုက်ပထမနေရာရခဲ့သည့် မြန်မာအသင်းအား ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးကျော်ဦး (ဒုတိယအမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန)က ဆုဖလားချီးမြှင့်စဉ်။** ဓာတ်ပုံ-စိုးညွန့်

### ပြိုင်ပွဲအပြီး နိုင်ငံအလိုက် ဆုရရှိမှု

| စဉ် | အသင်း | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မြန်မာ | ၁၀ | ၆ | ၇ | ၂၃ |
| ၂ | ထိုင်း | ၄ | ၅ | ၁ | ၁၀ |
| ၃ | ဟောင်ကောင် | ၃ | ၃ | ၅ | ၁၁ |
| ၄ | ဘင်္ဂလားဒေ့ရှ် | ၁ | ၂ | ၀ | ၃ |
| ၅ | လာအို | ၀ | ၂ | ၅ | ၇ |

# သီးနှံအာမခံစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

သီးနှံအာမခံစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရုံးအမှတ် ၁၅ တွင် ကျင်းပရာ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာကဏ္ဍကို အခြေခံသော မိမိတို့နိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် နောက်ဆက်တွဲ သီးနှံဖျက်ပိုးမွှားရောဂါများ ကျရောက်မှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုကို နှစ်စဉ်နီးပါးခံစားနေကြရကြောင်း၊ လုပ်ကွက်ငယ်တောင်သူအများစုပါဝင်သော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စွန့်စားမှုများကို စနစ်တကျ စီမံခန့်ခွဲပြီးကုစားနိုင်မှသာ ရေရှည်စားနပ်ရိက္ခာ ဖူလုံရေးနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးမှုကို ထိခိုက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ အာဆီယံဒေသတွင်း နိုင်ငံများ၏ သင်ခန်းစာအတွေ့အကြုံများကို အခြေခံပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေး စားနပ်ရိက္ခာစနစ်ကို ထူထောင်နိုင်ရန် သီးနှံအာမခံစနစ်တစ်ရပ်ကို သီးနှံဆိုင်ရာ အာမခံကုမ္ပဏီများ၊ တောင်သူများနှင့် အစိုးရဌာနများ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများသာမက တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူများ အားလုံးအတွက်ပါ အကျိုးကျေးဇူးခံစားကြရမည်ဖြစ်သည့်အတွက် ယနေ့ပါဝင်ဆွေးနွေးကြမည့်ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများအားလုံးတို့က မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေမည့် ရလဒ်ကောင်းများ ဆွေးနွေးဖော်ထုတ်နိုင်ကြသဖြင့် သီးနှံအာမခံစနစ်ပေါ်ထွန်းလာရေး ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် ပြောကြားသည်။



ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးကွန်ရက် MAN အကြံပေးပုဂ္ဂိုလ် ဦးတင်ထွဋ်ဦး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က သီးနှံအာမခံစနစ်ဆိုင်ရာ လုပ်ငန်းများနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးကွန်ရက်မှ ဦးအောင်လွင်က အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်၊ မျှော်မှန်းရလဒ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဒေါက်တာခင်မျိုးငြိမ်းက သီးနှံအာမခံဆိုင်ရာ အာဆီယံလမ်းညွှန်ချက်များ၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် သင့်လျော်သော သီးနှံအာမခံပုံစံတို့အားလည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနမှ တာဝန်ရှိသူများ၊ သီးနှံအာမခံလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော ကုမ္ပဏီအဖွဲ့အစည်းများမှလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် Center of Economic and Social Development မှ Executive Director ဒေါက်တာဇော်ဦးက အခြားနိုင်ငံများမှ သီးနှံအာမခံများအကြောင်း သိကောင်းစရာနှင့် မြန်မာနိုင်ငံနှင့် သင့်လျော်မည့်အချက်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါက်တာစိန်မာက သုတေသနတွေ့ရှိချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ညနေပိုင်းတွင် သီးနှံအာမခံနှင့်ပတ်သက်၍ စိန်ခေါ်မှုများ ရှာဖွေသတ်မှတ်ခြင်းနှင့် အဆိုပါစိန်ခေါ်မှုများအား ဖြေရှင်းခြင်းဆိုင်ရာများကို အုပ်စုများဖွဲ့၍ ဆွေးနွေးကြပြီး ဆွေးနွေးချက်ရလဒ်များကို အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘောဇဘဏ် ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်း အောင်မြင်ကျော်ကြားစီးပွားနှင့် လူမှုထူးချွန်ကျောင်းသားဆုကို ချီးမြှင့်ခံရ

**ရန်ကုန် နိုဝင်ဘာ ၈**

စင်ကာပူနိုင်ငံ စင်ကာပူအမျိုးသားတက္ကသိုလ်(National University of Singapore)သည် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကကဏ္ဍနယ်ပယ်အသီးသီး၌ စီးပွားရေး၊ စီမံခန့်ခွဲမှုနှင့် လူမှုရေး ပရဟိတအရည်အသွေးများကို အောင်မြင်စွာ စွမ်းဆောင်ပြသနိုင်သည့် ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စင်ကာပူနိုင်ငံ Conrad Centennial Singapore ၌ နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင် ကျင်းပရာ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ် ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းအား "အောင်မြင်ကျော်ကြား စီးပွားနှင့် လူမှုထူးချွန်ကျောင်းသားဆု"(Eminent Business Alumni Award 2018) ရွေးချယ်ချီးမြှင့်ခြင်းခံရကြောင်း သိရသည်။




အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ စင်ကာပူအမျိုးသားတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ Bernard Yeung နှင့် တက္ကသိုလ်ကောင်စီဝင်များ၊ စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ရှေးဦးစွာ Eminent Business Alumni Award ဆိုင်ရာ ဆုရရှိသူများ၏ သမိုင်းမှတ်တမ်း ဗီဒီယိုကိုပြသသည်။ ဆက်လက်၍ ဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ DBS Group နှင့် DBS Bank ဥက္ကဋ္ဌ Mr. Peter Seah နှင့် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr.Vivian Balakrishnan တို့က အဖွင့်နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသက် ၄၀ နှစ်အထက် Senior Alumni Awards ဆုရရှိသူ ခြောက်ဦးနှင့်အသက် (၄၀)နှစ်အောက် Young Alumni Awards ဆုရရှိသူ လေးဦးတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ရာ အသက်(၄၀)နှစ်အောက်တွင် မြန်မာနိုင်ငံမှ ဒေါ်နန်းလိုင်းခမ်း၊ အသက်(၄၀)နှင့် အထက်တွင် Bank of Singapore ၏ CEO Mr. Bahren Shaari တို့အပါအဝင် စုစုပေါင်း ၁၀ ဦးကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းခံရသည့် မြန်မာနိုင်ငံမှ ဒေါ်နန်းလိုင်းခမ်းသည် ဘဏ်ခွဲပေါင်း ၅၀၀ ကျော်ဖြင့် ပြည်သူကိုဝန်ဆောင်မှုပေးနေသော မြန်မာနိုင်ငံ၏ အကြီးဆုံးဘဏ်ဖြစ်သည့် ကမ္ဘောဇဘဏ်၏ ဒုတိယအမှုဆောင်အရာရှိချုပ်၊ KBZ Group ၏ အုပ်ချုပ်မှုဒါရိုက်တာ၊ Air KBZ လေကြောင်းလိုင်း၊ MAI လေကြောင်းလိုင်းနှင့် Kempinski Hotel(Nay Pyi Taw)တို့တွင် ဥက္ကဋ္ဌတာဝန်များကို အောင်မြင်စွာတာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒေါ်နန်းလိုင်းခမ်းသည် မြန်မာနိုင်ငံအတွင်း ကဏ္ဍအသီးသီးတွင် လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး နိုင်ငံတော်နှင့် ပြည်သူအတွက် ကျပ်ငွေ ၁၄၄ ဘီလီယံကျော် လှူဒါန်းထားသည့် ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)၏ တည်ထောင်သူဥက္ကဋ္ဌအဖြစ် ထိရောက်စွာ ဦးဆောင်ဦးရွက်ပြုဆောင်ရွက်လျက်ရှိသောကြောင့် အသက်(၄၀)နှစ်အောက် "အောင်မြင်ကျော်ကြားစီးပွားနှင့် လူမှုထူးချွန်ကျောင်းသားဆု" ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ **နေသစ်ဦး**

# မြင်းခြံ ၉၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ မြင်းခြံ၊ တောင်သာ၊ ငါန်းဇွန်၊ နွားထိုးကြီးနှင့် ညောင်ဦးမြို့နယ်များသို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးသွားမည်

**မြင်းခြံ နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြင်းခြံ ၉၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းသည် Independent Power Producer (IPP), Build-Operate-Own (BOO)စနစ်ဖြင့် ဟောင်ကောင်အခြေစိုက်ကုမ္ပဏီဖြစ်သော VPower Holdings Limited မှ ၂၀၁၈ ခုနှစ် မေလတွင် စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် စတင်ဓာတ်အားထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြင်းခြံ ၉၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းသည် ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ တစ်ရက်လျှင် ကုဗပေ ၂၀ သန်းကို အသုံးပြု၍ ၂၀၁၉ ခုနှစ် နွေရာသီအမီ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြင်းခြံ ၉၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ ထွက်ရှိသော ဓာတ်အားဝယ်ယူနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့် VPower Holdings Limited တို့အကြား ဓာတ်အား ဝယ်ယူရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားကြောင်းလည်း သိရသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံ၏ စက်တပ်ဆင်အင်အားမှာ စုစုပေါင်း ၉၉ ဒသမ ၈၄ မဂ္ဂါဝပ်(၁ ဒသမ ၅၆ မဂ္ဂါဝပ် × ၆၄လုံး)ဖြစ်ပြီး အာမခံထုတ်လုပ်နိုင်မည့် ဓာတ်အားပမာဏမှာ ၉၀ မဂ္ဂါဝပ်ဖြစ်သည်။ ယင်းစီမံကိန်းသည် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပြီး ၎င်းဓာတ်အားပေးစက်ရုံမှ ဓာတ်အားကို မြင်းခြံ ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံမှတစ်ဆင့် မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် ညောင်ဦးမြို့နယ်များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကြည်**

**JICA SME Two-Step Loan စီမံချက်အရ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ကဏ္ဍအလိုက် ချေးငွေထုတ်ချေးထားမှု အခြေအနေ**
**၂၀၁၅-၂၀၁၆ မှ ၂၀၁၇-၂၀၁၈ (စက်တင်ဘာလအထိ)**




ဓာတ်ပြစ် ။ မြန်မာ့စီးပွားရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# (၂၆) ရုံမြောက် မင်္ဂလာအဆင့်မြင့်(တာမွေ)ရုပ်ရှင်ရုံသစ် (အောင်မင်္ဂလာမှတ်တိုင်အနီး)ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၈**

လူဦးရေ ၄၂၆ ဦးခန့် ကြည့်ရှုနိုင်မည့် မင်္ဂလာအဆင့်မြင့်(တာမွေ)ရုပ်ရှင်ရုံသစ်ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဗညားဒလလမ်း (အောင်မင်္ဂလာမှတ်တိုင်အနီး)၌ ဖွင့်လှစ်လိုက်သည်။

အဆိုပါရုပ်ရှင်ရုံဖွင့်ပွဲနှင့်စပ်လျဉ်း၍ မင်္ဂလာကုမ္ပဏီ မန်နေဂျာ ဦးစောလွင်က "ဒီမြို့နယ်မှာရှိတဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေ သက်သောင့်သက်သာနဲ့ ရုပ်ရှင်ရဲ့အရသာကို ကြည့်ရှုခံစားနိုင်ဖို့ ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ရုပ်ရှင်ရုံကြီးကို နိုင်ငံတကာစံချိန်မီ ဆောင်ရွက်ထားပါတယ်"ဟု ပြောသည်။

မင်္ဂလာအဆင့်မြင့်(တာမွေ)ရုပ်ရှင်ရုံသစ်တွင် 2D၊ 3D ၊ Cinema-1၊ Cinema-2 ဟူ၍ နှစ်ရုံရှိပြီး ဖွင့်ပွဲအနေဖြင့် ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဏကြီး ရိုက်ကူးသည့် "မိ" ဇာတ်ကားနှင့် Thugs of Hindostan နိုင်ငံခြားရုပ်ရှင်ဇာတ်ကားတို့ကို နိုဝင်ဘာ ၉ ရက်တွင် စတင်ပြသသွားမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ရုံတွင် နိုင်ငံခြားရုပ်ရှင်များနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများကို အလှည့်ကျပြသသွားမည်ဖြစ်ပြီး Cinema-1 တွင် ၂၁၃ ခုံနှင့် Cinema-2 တွင် ၂၁၃ ခုံ စုစုပေါင်းလူဦးရေ ၄၂၆ ဦး ကြည့်ရှုနိုင်မည်ဖြစ်သည်။ ယနေ့တွင် 'မိ' မြန်မာရုပ်ရှင်ကားနှင့် "Thugs of Hindostan" နိုင်ငံခြားရုပ်ရှင်ကားတို့ဖြင့် ဖွင့်လှစ်ပြသခဲ့ပြီး ပွဲစဉ်များအနေဖြင့် နံနက် ၁၀ နာရီ၊ မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲ၊ ညနေ ၆ နာရီခွဲ၊ ည ၉ နာရီခွဲအထိ တစ်နေ့လျှင် ငါးပွဲပြသသွားမည်ဖြစ်ပြီး လက်မှတ်နှုန်းထားများကို 2D တွင် ကျပ် ၁၅၀၀၊ ၂၅၀၀၊ ၃၀၀၀၊ ၄၅၀၀ နှင့် 3D တွင် ကျပ် ၂၀၀၀၊ ၃၀၀၀၊ ၃၅၀၀ နှင့် ၅၀၀၀ သတ်မှတ်ထားသည်။

ယနေ့ဖွင့်လှစ်သည့် မင်္ဂလာအဆင့်မြင့်(တာမွေ)ရုပ်ရှင်ရုံသည် မင်္ဂလာကုမ္ပဏီ၏ ၂၆ ရုံမြောက်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်စတူဒီယိုများ မွမ်းမံပြင်ဆင်ပေးခြင်း၊ ရုပ်ရှင်အတတ်ပညာနှင့် နည်းပညာများဆွေးနွေးတိုင်ပင်နိုင်မည့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစင်တာတွင် အလုပ်ရုံဆွေးနွေးပွဲများ၊ ဇာတ်ညွှန်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများကို လစဉ်၊ အပတ်စဉ် ကျင်းပပေးလျက်ရှိပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားခြင်း၊ အပြန်အလှန် ဆွေးနွေးတိုင်ပင်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှုမှာ ၂၀၁၄ ခုနှစ်တွင် ကိုးကား၊ ၂၀၁၅ ခုနှစ်တွင် ၃၂ ကား၊ ၂၀၁၆ ခုနှစ်တွင် ၉၈ ကား၊ ၂၀၁၇ ခုနှစ်တွင် ၁၅၈ ကားနှင့် ၂၀၁၈ ခုနှစ်ယခုလအထိ ဇာတ်ကား ၁၂၄ ကား တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည်။

အဆိုပါရုပ်ရှင်ဇာတ်ကားများကို ပြသရန် ရုပ်ရှင်ရုံများကို တိုးချဲ့တည်ဆောက်လျက်ရှိပြီး ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုပ်ရှင်ရုံများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ချိတ်ဆက်စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာတစ်နိုင်ငံလုံး၌ ၂၀၁၃ ခုနှစ်တွင် ရုပ်ရှင်ရုံ ၁၉ ရုံ၊ ပိတ်ကား ၁၉ ခုရှိခဲ့ရာမှ ယခုအခါရုပ်ရှင်ရုံ ၁၁၆ ရုံ၊ ပိတ်ကား ၁၃၆ ခုအထိ တိုးမြှင့်ဖွင့်လှစ်လာနိုင်ခဲ့သည်။

ရုပ်ရှင်ရုံများ တိုးမြှင့်ဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်၍ ရုပ်ရှင်သရုပ်ဆောင် ပိုင်ဖြိုးသုက "ရုပ်ရှင်ရုံတွေ များများပေါ်လာလေ ပိုကောင်းလေ၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာဖို့ဆိုရင် ရုပ်ရှင်ရုံတွေ အများကြီးလိုအပ်ပါတယ်၊ အဆင့်မြင့်ရုပ်ရှင်ရုံဖွင့်ပွဲမှာ ကိုယ့်ရဲ့ကားလေးကို ပြသခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်"ဟု ပြောသည်။

"ရုပ်ရှင်ရုံတစ်ရုံထပ်တိုးလာတော့ ရုပ်ရှင်လောကအတွက် အထောက်အကူဖြစ်ပါတယ်။ အနုပညာသမားတွေအတွက်ကတော့ ရုပ်ရှင်ရုံအရေအတွက်တွေ နည်းနေတဲ့အတွက် ရုပ်ရှင်ကားတွေရုံတင်ပြသဖို့ အခက်အခဲတွေရှိပါတယ်။ ရုပ်ရှင်ရုံတွေထပ်တိုးလေ ပိုကောင်းလေ၊ ဘာပဲဖြစ်ဖြစ် ကျေနပ်တယ်၊ ပီတိဖြစ်ပါတယ်"ဟု ရုပ်ရှင်သရုပ်ဆောင် ခွန်းဆင့်နေခြည်က ပြောသည်။

အဆိုပါရုပ်ရှင်ရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ချစ်ပရိသတ်များနှင့် မီဒီယာများ တက်ရောက်ခဲ့ကြသည်။ **သတင်း-ရီရီမြင့်**

**ဓာတ်ပုံ - ရဲထွန်း**



**မင်္ဂလာအဆင့်မြင့် (တာမွေ)ရုပ်ရှင်ရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။**

# မြောင်းမြတွင် လူငယ်နှင့်တရားဥပဒေစိုးမိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**မြောင်းမြ နိုဝင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြောင်းမြခရိုင်ရုံးက ကြီးမှူး၍ "လူငယ်နှင့်တရားဥပဒေစိုးမိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို နိုဝင်ဘာ ၈ ရက်က မြောင်းမြမြို့ အထက(၆) စစ်တောင်းခန်းမဆောင်တွင် ကျင်းပသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်း၊ မြောင်းမြခရိုင်ဥပဒေအရာရှိ ဒေါ်အေးမြမြကျော်၊ မြို့မစခန်းမှူး ဒုရဲမှူး အောင်ဇော်မင်း၊ အမှတ် (၈၁)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး လှထွန်း၊ Book Club အဖွဲ့ဝင် Friends အဖွဲ့မှ ဦးထွန်းလင်းတို့က လွှတ်တော်နှင့် ဥပဒေပြုရေးတာဝန်အကြောင်း၊ ဥပဒေကပေးထားသော ကလေးသူငယ်နှင့်အမျိုးသမီးများ၏ အခွင့်အရေးများ၊ မူးယစ်ဆေးဝါးနှင့် ကျောင်းသားလူငယ်ကဏ္ဍ၊ ဆိုင်ကယ်စီးဦးထုပ်နှင့် သူတို့အမြင်၊ စာပေကလူငယ်တွေ လမ်းမှားမရောက်အောင် ဘယ်လိုလမ်းညွှန်ပေးသလဲ စသည့် အသိပညာပေးအကြောင်းအရာများကို ဟောပြောဆွေးနွေးကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **အောင်မင်း(မြောင်းမြ)**

## ထူးခြားမိုးလေဝသအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၄၈ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့နံနက်မှ နောက် ၄၈ နာရီအတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁။ | အောင်ဇေယျတုသဘောထား | ချစ်နိုင် (စိတ်ပညာ) | ၂၀၀၀ | နိုင်စာပေ |
| ၂။ | ခေါင်းဆောင်ကောင်းနှင့်စကားပြောစွမ်းရည် | ချစ်နိုင် (စိတ်ပညာ) | ၂၀၀၀ | နိုင်စာပေ |
| ၃။ | ကောင်းကင်ကရွှေပိန်ညင်းရယ် မိုးခေါ်လို့ဆင်း | ဒဂုန်တာရာ | ၂၀၀၀ | တိုးမြစ်စာပေ |
| ၄။ | ယမကာလုလင် | မောင်သော်က | ၂၀၀၀ | တိုးမြစ်စာပေ |
| ၅။ | မြေးကိုပြောသောပုံပြင်များ - ၁ | ဝင်းမော် (သုံးဆယ်) | ၁၇၀၀ | စိတ်ကူးချိုချို |
| ၆။ | ပညာရှိသူတော်ကောင်းနှင့် စိတ်ကောင်းရှိဖို့ လိုပါတယ် | ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ | ၁၀၀၀ | ဆုပြည့်စုံထွန်း |
| ၇။ | ခန္ဓာကိုယ်ထဲက မြွေဆိုးလေးကောင် အလုပ်ပေးတရားတော် | ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၈။ | ဒလိုင်းလားမား၏အဆိုအမိန့်များ | ချစ်မြိုင် | ၁၀၀၀ | ဟန်သာဆုစာပေ |
| ၉။ | တိုင်းပြည်ရဲ့မနက်ဖြန် | ထိန်လင်း | ၂၀၀၀ | ခေတ်ပြတိုက် |
| ၁၀။ | ပျားရည်အိုင် | ခင်နှင်းယု | ၃၂၀၀ | ကံ့ကော်ဝတ်ရည် |
| ၁၁။ | အထူးကောက်နုတ်ချက်ဇာတ်ဝတ္ထု | ဆရာပွား | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၂။ | ဘဝတက်လမ်းဇာတ်လမ်းကလေးများ | နေမျိုးထွန်း | ၂၃၀၀ | စိတ်ကူးချိုချို |
| ၁၃။ | လွန်းတစ်ရာတိမ်ခိုးဆင် | မောင်စိုးရ (မလှိုင်) | ၃၀၀၀ | ဝန်ချတောင် |
| ၁၄။ | မြန်မာ-ကမ္ဘာမူးယစ်ဆေးဝါးပြဿနာ စစ်တမ်းနှင့်ဘိန်းဘုရင်များ | နေစိုးထက် | ၆၀၀၀ | စိန်မိုးယံ |
| ၁၅။ | ရောက်တတ်ရာရာစာစုများ - အတွဲ (၁) | MP MaungMyint | ၄၀၀၀ | Mingalar Dragon Co., Ltd |
| ၁၆။ | ရောက်တတ်ရာရာစာစုများ - အတွဲ (၂) | MP MaungMyint | ၄၀၀၀ | Mingalar Dragon Co., Ltd |
| ၁၇။ | ဗုဒ္ဓမြတ်စွာလက်ထက်က ထင်ရှားခဲ့သော ကျောင်းတော်ကြီးများ | မဟာဓမ္မာစရိယ ဦးသိန်းထွန်း | ၄၅၀၀ | မီးအိမ်ရှင် |
| ၁၈။ | အာရှပြတင်းဆောင်းရောင်စုံမြင်ကွင်း | ကျော်ရင်မြင့် | ၄၀၀၀ | ခြူးခြူး |
| ၁၉။ | အေ့ဒ်စ်ငရဲခန်းမှ မေတ္တာအလင်းတန်း | တင်မောင်မြင့် | ၂၈၀၀ | ခြူးခြူး |
| ၂၀။ | ဒါဖတ်ပြီးမှ အလုပ်ရှာပါတစ်ပတ်အတွင်း အလုပ်ရစေဖို့ | မနောစင် | ၂၅၀၀ | ကွမ်းခြံလမ်း |
| ၂၁။ | ဉာဏ်ကောင်းအောင်လုပ်နည်း | လှသမိန် | ၇၀၀ | စိတ်ကူးချိုချို |
| ၂၂။ | ရာဇဝင်ထဲကမြို့ ရန်ကုန် | မင်းပုည | ၇၀၀၀ | စိန်မိုးယံ |
| ၂၃။ | လောကကိုအနိုင်ယူ | မောင်ဆုပန် | ၂၅၀၀ | ယောမင်းကြီး |
| ၂၄။ | သားဂုဏ်ရည် | ပီမိုးနင်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၅။ | သမီးဂုဏ်ရည် | ပီမိုးနင်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၆။ | ဖေ့ဘုတ်ထဲက ပကာသများနှင့် ရသစုံ Post များ | မြင်းမိုရ်ကျော် | ၁၅၀၀ | ကြည်နူးပွင့် |
| ၂၇။ | ပုဂံခေတ်ဗိသုကာနှင့်အနုပညာများ ပေါ်ပေါက်တိုးတက်ပြောင်းလဲလာပုံ | ဗိုလ်မှူးဘရှင် | ၂၀၀၀ | Key Collection |
| ၂၈။ | ပန်းဖြူတစ်ပွင့်နှင့် အခြားဝတ္ထုတိုများ | တင်မိုး | ၁၅၀၀ | Key Collection |
| ၂၉။ | မာယာအိန်ဂျယ်လို | The Key Collection | ၁၅၀၀ | Key Collection |
| ၃၀။ | ဂရိတ်ဘယ်ရီယာရိဖ် | The Key Collection | ၁၅၀၀ | Key Collection |
| ၃၁။ | ဘာသာရေးအမေးအဖြေများ | ဓမ္မာစရိယဦးအေးနိုင် | ၄၅၀၀ | အလင်းသစ် |

# သမ္မတထရန့်၏ နိုင်ငံခြားရေးမူဝါဒ အပြောင်းအလဲရှိနိုင်ပုံ ကမ္ဘာ့နိုင်ငံများ သုံးသပ်လေ့လာလျက်ရှိ



**ဝါရှင်တန် နိုဝင်ဘာ ၈**

အမေရိကန်ပြည်ထောင်စု၌ သက်တမ်းလယ်ကာလ ရွေးကောက်ပွဲရလဒ်အရ ဒီမိုကရက်တစ်ပါတီက အောက်လွှတ်တော်ကို ထိန်းချုပ်လိုက်နိုင်ပြီဖြစ်ကြောင်း၊ လာမည့်နှစ်များတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ နိုင်ငံခြားရေးမူဝါဒတွင် မည်သို့မည်ပုံ အပြောင်းအလဲများရှိလာနိုင်မည်ကို ကမ္ဘာ့နိုင်ငံများက သုံးသပ်လေ့လာလျက်ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွေးကောက်ပွဲတွင် အနိုင်ရရှိသူ ကိုယ်စားလှယ်များအားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူရကြောင်း ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒေါက အင်တာနက်လူမှုကွန်ရက်မီဒီယာ တွစ်တာမှတစ်ဆင့် ပြောကြားခဲ့သည်။ အောက်လွှတ်တော်တွင် အမျိုးသမီးအမတ်လောင်းများ စံချိန်တင် အရေအတွက်အထိ ရွေးချယ်တင်မြှောက်ခံရခြင်းမှာ ထူးခြားလှကြောင်း ဝန်ကြီးချုပ်ထရူးဒေါက ဆိုသည်။

ထိုစဉ်အတွင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ပြောခွင့်ရပုဂ္ဂိုလ် ဒီမစ်ထရီပက်စကော့က မှတ်ချက်ပြုပြောကြားရာတွင် မိမိနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား ဆက်ဆံရေးပြောင်းလဲလာမည်ကို မျှော်လင့်နိုင်ခြင်းမရှိဟု ဆိုသည်။

အမေရိကန်ရွေးကောက်ပွဲရလဒ်သည် အရှေ့အလယ်ပိုင်းဒေသ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြောင်းလဲမှုမဖြစ်စေသင့်ကြောင်း အစ္စရေးအစိုးရအဖွဲ့က ပြောကြားသည်။ သို့ရာတွင် ဒီမိုကရက်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်အောင် လုပ်ဆောင်ကြမည်ဖြစ်သဖြင့် အပြောင်းအလဲများ ဖြစ်ပေါ်နိုင်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်၏ အကြံပေးပုဂ္ဂိုလ် နာဘီရှားက ပြောကြားသည်။

သက်တမ်းဝက်ရွေးကောက်ပွဲတွင် မဲပေးသူ လူငယ်များ ပိုများလာခြင်းကြောင့် ရှစ်နှစ်အတွင်း ပထမဦးဆုံးအဖြစ် ဒီမိုကရက်တစ်ပါတီက အောက်လွှတ်တော်တွင် အများစုနေရာရရှိစေကြောင်း သုတေသနအုပ်စုတစ်စု၏ လေ့လာချက်တွင် ဖော်ပြသည်။

ယခုအချိန်အထိ သိရှိရသော မဲရလဒ်အရ အထက်လွှတ်တော်တွင် ရီပတ်ဘလစ်ကန်တို့က ၅၁ နေရာ၊ ဒီမိုကရက်တို့က ၄၆ နေရာ ရရှိထားသည်။ အောက်လွှတ်တော်တွင်မူ ရီပတ်ဘလစ်ကန်က ၂၀၁ နေရာနှင့် ဒီမိုကရက်တို့က ၂၂၄ နေရာ ရရှိထားသည်။

အသက် ၁၈ နှစ်မှ ၂၉ နှစ်အကြား လူငယ်များ၏ ပျမ်းမျှ ၃၁ ရာခိုင်နှုန်းသည် ယခုတစ်ကြိမ် သက်တမ်းဝက်ရွေးကောက်ပွဲတွင် မဲပေးခဲ့ကြပြီး လွန်ခဲ့သောလေးနှစ်က ၂၁ ရာခိုင်နှုန်းရှိခဲ့ခြင်းနှင့် နှိုင်းယှဉ်လျှင် ပိုမိုများပြားလာကြောင်း တပ်တက္ကသိုလ် သုတေသနဌာနတစ်ခုက ထုတ်ပြန်ကြေညာသည်။ အဆိုပါ တက္ကသိုလ်သည် အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် မစ်ဖို့ဒ်မြို့အခြေစိုက် ပုဂ္ဂလိကပိုင်သုတေသနတက္ကသိုလ် တစ်ခု ဖြစ်သည်။

ဖေဖော်ဝါရီလက ဖလော်ရီဒါပြည်နယ်ရှိ အထက်တန်းကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ပေါ်ပေါက်ခဲ့သော သေနတ်ထိန်းချုပ်ရေး လှုပ်ရှားမှုနှင့် ဒီမိုကရက်တို့၏ မဲပေးရေးလှုံ့ဆော်မှုများအရ လူငယ်များ မဲပေးလာစေရန် တွန်းအားပေးခဲ့ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

လူငယ်များက ဒီမိုကရက်ကိုယ်စားလှယ်များအား ထောက်ခံမှုနှင့်အတူ မဲပေးမှုအကြီးအကျယ် တိုးလာခဲ့ခြင်းကြောင့် အောက်လွှတ်တော်တွင် ဒီမိုကရက်တို့ အများစုနေရာပြန်ရရန် အထောက်အကူဖြစ်စေခဲ့သည်။

**အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**




# ကနေဒါနိုင်ငံ ဟာလီဖက်လေဆိပ်တွင် ဘိုးရင်း-၇၄၇ ကုန်တင်လေယာဉ် ပြေးလမ်းချော်

**အော်တဝါ နိုဝင်ဘာ ၈**

ကနေဒါနိုင်ငံ အရှေ့ပိုင်းရှိ ဟာလီဖက်လေဆိပ်တွင် ဘိုးရင်း- ၇၄၇ အမျိုးအစားကုန်တင်လေယာဉ်တစ်စင်း နိုဝင်ဘာ ၇ ရက် နံနက်အစောပိုင်းက ဆင်းသက်ရာ ပြေးလမ်းချော်မှုဖြစ်ပွား၍ လေယာဉ်အမှုထမ်းလေးဦး ဒဏ်ရာအနည်းငယ်စီရရှိခဲ့ပြီး လေဆိပ်ကို ယာယီပိတ်ထားလိုက်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

စကိုင်းလိစ်ကုမ္ပဏီမှ ကုန်တင်လေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၅ နာရီခန့်တွင် လေဆိပ်သို့ ဆင်းသက်ရာ လေယာဉ်ပြေးလမ်းကို ကျော်လွန်ပြီး လမ်းချော်သွားခြင်းဖြစ်သည်။ ယင်းလေယာဉ်သည် အမေရိကန်နိုင်ငံ ချီကာဂိုမြို့ လေဆိပ်မှစတင်၍ ခရီးစဉ်ပျံသန်းလာသောလေယာဉ်ဖြစ်ပြီး ဟာလီဖက်လေဆိပ်၌ ကုန်ပစ္စည်းများကို တင်ဆောင်ကာ တရုတ်နိုင်ငံသို့ ပျံသန်းမည်ဟု ဆိုသည်။

လေယာဉ်ပြေးလမ်းချော်မှု ဖြစ်ပွားရခြင်းအကြောင်းရင်းကို လတ်တလောတွင် မသိရသေးပေ။ ထိခိုက်ဒဏ်ရာအနည်းငယ်စီရရှိကြသော လေယာဉ်အမှုထမ်းများကို ဒေသတွင်းရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း လေဆိပ်အာဏာပိုင်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ လေယာဉ်မတော်တဆမှုဖြစ်ပွားပြီးနောက် သုံးနာရီအကြာတွင် လေဆိပ်ကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သော်လည်း ယင်းဖြစ်ရပ်ကြောင့် လေယာဉ်ခရီးစဉ်ဒါဇင်များစွာကို ရွှေ့ဆိုင်း(သို့မဟုတ်) ဖျက်သိမ်းခဲ့ရသည်ဟု သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# နိုင်ငံတကာသွင်းကုန်ဆိုင်ရာ ကုန်စည်ပြပွဲကျင်းပ

**ရှန်ဟိုင်း နိုဝင်ဘာ ၈**

တရုတ်နိုင်ငံ၏ နိုင်ငံတကာသွင်းကုန်ဆိုင်ရာ ကုန်စည်ပြပွဲကို ရှန်ဟိုင်းမြို့၌ နိုဝင်ဘာ ၅ ရက်က ဖွင့်လှစ်ပြသခဲ့ရာ နိုင်ငံတကာမှ ကုမ္ပဏီထောင်ပေါင်းများစွာ ပါဝင်ပြသခဲ့ကြသည်။ အဆိုပါ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမေရိကန်အစိုးရအဖွဲ့မှ အထက်တန်းတာဝန်ရှိသူများ တက်ရောက်ကြခြင်းမရှိသော်လည်း ကမ္ဘာတစ်လွှားမှ နိုင်ငံ့အကြီးအကဲအချို့နှင့် အစိုးရအဖွဲ့အကြီးအကဲအချို့ တက်ရောက်ခဲ့ကြကြောင်း အေအက်ဖ်ပီသတင်းဌာနက ရေးသားဖော်ပြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ကုန်သွယ်ရေးမူဝါဒများကြောင့် နိုင်ငံတကာကုမ္ပဏီများသည် တရုတ်နိုင်ငံ၏ ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

အီတလီနိုင်ငံလုပ် ရဟတ်ယာဉ်များ၊ ကနေဒါနိုင်ငံ၏ သားမွေးထုတ်ကုန်များ၊ ဒိုမီနီကန်သမ္မတနိုင်ငံလုပ် ဆေးပြင်းလိပ်များ၊ ဂျပန်နိုင်ငံလုပ် ငါးစားသောက်ကုန်များ၊ စပိန်နိုင်ငံမှ ဝက်ပေါင်ခြောက်ထုတ်ကုန်များစသည့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို နိုင်ငံတကာသွင်းကုန်ဆိုင်ရာ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသထားသည်။

နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပလျက်ရှိသော အဆိုပါ ကုန်စည်ပြပွဲသည် တရုတ်နိုင်ငံအနေဖြင့် ပို့ကုန်အခြေပြု စီးပွားရေးဘဝမှ သွင်းကုန်အလေးပေးသော စီးပွားရေးဘဝသို့ ကူးပြောင်းပုံကို ဖော်ကျူးလျက်ရှိသည်။ တရုတ်နိုင်ငံ၌ အလယ်အလတ်တန်းဝင်ငွေရှိသူ လူဦးရေတိုးပွားလာခြင်းနှင့်အတူ စားသုံးသူများ၏ ဝယ်လိုအား တိုးတက်လျက်ရှိသည်။

ဆီးရီးယားနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှ ကုမ္ပဏီပေါင်း ၃၆၀၀ က ကုန်စည်ပြပွဲတွင် ပါဝင်ပြသလျက်ရှိသည်။

ကုန်စည်ပြပွဲခင်းကျင်းပြသရာ ဧရိယာမှာ ဘောလုံးကွင်း ၄၀ ၏ စုစုပေါင်းအကျယ်အဝန်းတမျှရှိသည်။ ကုန်စည်ပြပွဲကို နိုဝင်ဘာ ၅ ရက်က ဖွင့်လှစ်ခဲ့ရာတွင် သမ္မတရှီကျင့်ဖျင်က အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျူးဘား၊ ချက်သမ္မတနိုင်ငံ၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ ကင်ညာ၊ လစ်သူယေးနီးယား၊ ပနားမား၊ အယ်လ်ဆာဗေဒိုနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ သမ္မတများနှင့်အတူ ခရိုအေးရှား၊ အီဂျစ်၊ ဟန်ဂေရီ၊ ဂျော်ဂျီယာ၊ လာအို၊ မော်လ်တာ၊ ပါကစ္စတန်၊ ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ တက်ရောက်ခဲ့ကြသည်။

**အေအက်ဖ်ပီ**

# ကယ်လီဖိုးနီးယားပြည်နယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ ၁၂ ဦး သေဆုံး

**ကယ်လီဖိုးနီးယား နိုဝင်ဘာ ၈**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ သေနတ်သမားတစ်ဦးက ဦးတည်ရာမဲ့ပစ်ခတ်ခဲ့ရာ ရဲအရာရှိတစ်ဦးအပါအဝင် လူ ၁၂ ဦး အနည်းဆုံး သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ အကြမ်းဖက်လုပ်ရပ်ကျူးလွန်ခဲ့သည့် သေနတ်သမားမှာလည်း အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးလျက်ရှိကြောင်း တွေ့မြင်ခဲ့ရသည်ဟု ရဲအရာရှိများက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၇ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီခွဲတွင် ကယ်လီဖိုးနီးယားပြည်နယ် သောင်ဇင်အုတ်ခ်စ်မြို့၌ အဆိုပါ အကြမ်းဖက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။




အခင်းဖြစ်ပွားချိန်တွင် စားသောက်ဆိုင်အတွင်း၌ စားသုံးသူဧည့်သည် ၂၀၀ ခန့်ရှိနေခဲ့ပြီး အများစုမှာ ကောလိပ်ကျောင်းသား ကျောင်းသူများဖြစ်ကြသည်ဟု စားသောက်ဆိုင်တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အကြမ်းဖက် သမားသည် စားသောက်ဆိုင် ဝင်ပေါက်ရှိ အစောင့်တစ်ဦးအား သေနတ်ဖြင့် ဦးစွာပစ်ခတ်ခဲ့ပြီး စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ဒေသန္တရမီဒီယာများက သတင်းရေးသားကြသည်။

ထို့ပြင် စားသောက်ဆိုင်အတွင်းသို့ မီးခိုးဗုံးဟု ယူဆရသော ဗုံးများကို ပစ်သွင်းခဲ့ပြီးနောက် သေနတ်သမားက လူအုပ်များအတွင်းသို့ ကျည်ဆန်များ အဆက်မပြတ်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါအကြမ်းဖက်မှုတွင် အခင်းဖြစ်ပွားရာနေရာ၌ လူ ၁၂ ဦးခန့် သေဆုံးခဲ့ပြီး သေဆုံးသူများတွင် ရဲအရာရှိတစ်ဦး ပါဝင်ခဲ့ကြောင်းနှင့် အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ရဲအရာရှိများက ဆိုသည်။

အဆိုပါ စားသောက်ဆိုင်သည် လော့စ်အိန်ဂျလိစ်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၆၀ တွင် တည်ရှိပြီး အနီးဝန်းကျင်တွင် တက္ကသိုလ် အများအပြား တည်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ၂၀၁၈ ခုနှစ်ရဲ့ ကမ္ဘာ့အကောင်းဆုံးဂိုးသမားအဖြစ် သတ်မှတ်ခံရတဲ့ လီဗာပူးအသင်းဂိုးသမား အဲလစ်ဆင်

လီဗာပူးအသင်းမှ ဘရာဇီးကြယ်ပွင့်ကစားသမား အဲလစ်ဆင်ဟာ ၂၀၁၈ ခုနှစ်ရဲ့ ကမ္ဘာ့အကောင်းဆုံးဂိုးသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရတယ်လို့ ဂိုးလ်ဒေါ့ကွန်းက သတင်းဖော်ပြထားပါတယ်။

ဘရာဇီးဂိုးသမား အဲလစ်ဆင်ဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပရီမီယာလိဂ်ကလပ်လီဗာပူးအသင်းကို စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၅၆ သန်းနဲ့ ရိုးမားအသင်းကနေ ပြောင်းရွှေ့ခဲ့သူလည်းဖြစ်ပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ ဂိုးသမားအဲလစ်ဆင်ဟာ ရိုးမားအသင်းကနေ အမ်ဖီးလ်ကို ပြောင်းရွှေ့လာခဲ့တဲ့ အခုနှစ်ဘောလုံးရာသီမှာလည်း အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့တဲ့ ဂိုးသမားတစ်ဦးလည်းဖြစ်ပါတယ်။

ဒါပေမယ့် ဂိုးသမားအဲလစ်ဆင်ဟာ အခုနှစ်အတွက် ဂိုးလ်ရဲ့နှစ်စဉ်ထုတ်ပြန်တဲ့ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခဲ့ရာမှာတော့ ပြီးခဲ့တဲ့ဘောလုံးရာသီက ရိုးမားအသင်းနဲ့အတူ လက်စွမ်းပြကစားခဲ့မှုကိုသာ ဦးစားပေးရွေးချယ်ခဲ့တာဖြစ်ပါတယ်။ အဲဒါဟာလည်း ဂိုးသမားအဲလစ်ဆင်အနေနဲ့ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘရာဇီးအသင်းနဲ့အတူ အကောင်းဆုံးစွမ်းဆောင်ရည်ပြသခဲ့တာတွေကိုလည်း ရွေးချယ်မှုများပါဝင်ခဲ့တယ်လို့ သိရပါတယ်။

အဲလစ်ဆင်ဟာ ရိုးမားအသင်းမှာ ကစားခဲ့စဉ်က ရိုးမားအသင်းကို ချန်ပီယံလိဂ်တတိယနေရာသို့ ရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့ပြီး ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ဘရာဇီးအသင်းကို ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်ပါတယ်။ အဲဒါကြောင့် ၂၀၁၈ ခုနှစ်ရဲ့ အထူးချွန်ဆုံးဂိုးသမားအဖြစ် အသိအမှတ်ပြုခံခဲ့ရတာလည်းဖြစ်ပါတယ်။

# မန်ယူအသင်းက တိုက်စစ်မှူးမာရှယ်လ်ကို ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုမည်

မန်ယူအသင်းသည် အသင်းအတွက် အားထားရသည့် တိုက်စစ်မှူး မာရှယ်လ်အား အပိုဆုကြေးအပါအဝင် ပေါင် ၄၅ သန်းဖြင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်ကြယ်ပွင့် မာရှယ်လ်သည် ယခုနှစ်ဘောလုံးရာသီအစပိုင်းက မန်ယူအသင်းမှ ထွက်ခွာမည်ဆိုသည့်သတင်းများ ထွက်ပေါ်ခဲ့သူဖြစ်သည်။

လက်ရှိတွင်မူ တိုက်စစ်မှူး မာရှယ်လ်၏ စွမ်းဆောင်ရည်နှင့်အတူ မန်ယူအသင်းမှာ ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်တိုးမြင့်လာခဲ့ပြီး မာရှယ်လ်က နောက်ဆုံးကစားခဲ့သည့် ပရီမီယာလိဂ်လေးပွဲတွင် ငါးဂိုးအထိသွင်းယူထားနိုင်ခဲ့ကြောင်းလည်း သိရသည်။

ထို့ကြောင့် မန်ယူအသင်းက တိုက်စစ်မှူး မာရှယ်လ်အား တစ်ပတ်လျှင် ပေါင် ၁၉၀၀၀၀ ဖြင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် စီစဉ်လာခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မာရှယ်လ်သည် လက်ရှိတွင် တစ်ပတ်လုပ်ခလစာပေါင် ၁၆၀၀၀၀ သာရရှိထားကြောင်း သိရသည်။ ငါးနှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းမရှိခဲ့ပါက လာမည့်ဘောလုံးရာသီတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် မပြောင်းရွှေ့သွားရေးအတွက် အနည်းဆုံး တစ်နှစ်သက်တမ်းတိုးနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း ဆိုသည်။

လက်ရှိထွက်ပေါ်နေသော သတင်းများအရ မန်ယူအသင်းအနေဖြင့် တိုက်စစ်မှူး မာရှယ်လ်ကို အသင်းတွင် ဆက်ထိန်းထားရန်အတွက် စာချုပ်သစ်ချုပ်ဆိုနိုင်ရေးနှင့် စပ်လျဉ်း၍ ယခုတစ်ပတ်အတွင်း ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ဆိုသည်။






# စီရိုနယ်လ်ဒို ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဂျူဗင်တပ်အသင်း မန်ယူအသင်းကို ရှုံးနိမ့်ခဲ့

ဂျူဗင်တပ်အသင်းနဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ဂျူဗင်တပ်အသင်းအတွက် တိုက်စစ်မှူး စီရိုနယ်လ်ဒို တစ်ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဂျူဗင်တပ်အသင်းဟာ ပွဲကစားချိန် ၆၅ မိနစ်မှာ သွင်းယူခဲ့တဲ့ တိုက်စစ်မှူးစီရိုနယ်လ်ဒိုရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ကစားနိုင်ခဲ့ပေမယ့် မန်ယူအသင်းက ပွဲကစားချိန် ၈၆ မိနစ်မှာ ရရှိခဲ့တဲ့ မာတာရဲ့သွင်းဂိုး၊ ၈၉ မိနစ်မှာရရှိခဲ့တဲ့ လိုဘိုဆေးလ်ဗားရဲ့ ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိသည့်သွင်းဂိုးတို့ကနေ မန်ယူအသင်းက ဂျူဗင်တပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီရှုံးပွဲဟာ ဂျူဗင်တပ်အတွက်တော့ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလက ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ချန်ပီယံလိဂ်အုပ်စုအဆင့်မှာ ပထမဆုံးအိမ်ကွင်းရှုံးနိမ့်မှုနဲ့ ကြုံခဲ့ရတာဖြစ်ပါတယ်။

မန်ယူအသင်းအတွက်တော့ ၁၉၉၉ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ဘိုင်ယန်မြူးနစ်နဲ့ကစားခဲ့တဲ့ပွဲစဉ်နောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ငါးမိနစ်အတွင်း နှစ်ဂိုးဆက်တိုက်ပြန်လည်သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ဒါ့အပြင် ကွင်းလယ်ကစားသမားမာတာဟာ ၂၀၁၅ စက်တင်ဘာက ဝုလ်ဘတ်အသင်းနဲ့ ပွဲစဉ်နောက်ပိုင်း ချန်ပီယံလိဂ်ပထမဆုံးသွင်းဂိုးဖြစ်ခဲ့ပြီး အခုပွဲစဉ်နိုင်ခဲ့တာကြောင့် အုပ်စုအဆင့်ဒုတိယနေရာကို ရရှိခဲ့တာဖြစ်ပါတယ်။

# မန်စီးတီးအသင်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တက်ရန် နီးစပ်လာ

မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ရှက်ခ်တာဒိုးနက်စ်ခ်အသင်းနဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာ ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းဖို့ နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ၁၃ မိနစ်မှာ ဆေးလ်ဗား၊ ၂၄ မိနစ်၊ ၇၂ မိနစ်နဲ့ ၉၂ မိနစ်တို့မှာ ဂျီးဆပ်၊ ၄၈ မိနစ်မှာ စတာလင်နဲ့ ၈၄ မိနစ်မှာ မာရက်ဇ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ် ၄ မှာ ဟော်ဖန်ဟိမ်းအသင်းနဲ့ လိုင်ယွန်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာကြောင့် လက်ရှိမှာ မန်စီးတီးအသင်းက အုပ်စုအဆင့်မှာ ရမှတ်ကိုးမှတ်ရရှိထားပြီး လိုင်ယွန်အသင်းက ရမှတ်ခြောက်မှတ်၊ ဟော်ဖန်ဟိမ်းအသင်းက ရမှတ်လေးမှတ်နဲ့ ရှက်ခ်တာဒိုးနက်စ်ခ်အသင်းက ရမှတ်နှစ်မှတ်ရရှိထားတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ နိုဝင်ဘာ ၂၇ ရက်မှာ လိုင်ယွန်အသင်းနဲ့ ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်အနိုင်ရခဲ့မယ်ဆိုရင် အုပ်စုအဆင့်ကနေ နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိမှာလည်းဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ ဂျီးဆပ်ဟာ ချန်ပီယံလိဂ်မှာ မန်စီးတီးအသင်းနဲ့အတူ ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ တတိယမြောက်ကစားသမားဖြစ်ပြီး မန်စီးတီးအသင်းနဲ့အတူ ချန်ပီယံလိဂ်မှာ နီဂရီဒိုကဟက်ထရစ်တစ်ကြိမ်နဲ့ အဂူရိုက ဟက်ထရစ်နှစ်ကြိမ်သွင်းယူထားတာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်



# မြန်မာနိုင်ငံလူမှုခွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ရန် လိုအပ်သည့် သို့မဟုတ် ညွှန်ကြားထားသည့် ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုလျှင်၊ သို့မဟုတ်

(၃) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားနည်းတစ်ရပ်ရပ်ဖြင့် ဆန့်ကျင်ဆောင်ရွက်လျှင်။

(ခ) ဤဥပဒေတွင် ပြစ်ဒဏ်ကို အတိအလင်း သတ်မှတ်ဖော်ပြထားခြင်းမရှိပါက တရားရုံးသည် ထိုပြစ်ဒဏ်ကို ထိုသို့သော အခြေအနေများတွင် မှန်ကန်မျှတသည်ဟု ယုံကြည်သော အကြောင်းအချက်များကို အခြေပြု၍ ဆုံးဖြတ်သတ်မှတ်ရမည်။ ထိုသို့ဆုံးဖြတ်ရာတွင် သက်ဆိုင်သည့်ကိစ္စအားလုံး၌ တူညီသော ကျူးလွန်မှုတစ်ရပ်အတွက် ဤဥပဒေအရဖြစ်စေ၊ သက်ဆိုင်သောဥပဒေအရဖြစ်စေ ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်များနှင့်အညီ ဖြစ်စေရေးကို ထည့်သွင်းစဉ်းစားရမည်။

**ခုခံချေပခြင်းနှင့် သက်သာခွင့်**

**ကုမ္ပဏီဒါရိုက်တာ သို့မဟုတ် အရာရှိက ခုခံချေပခြင်း**

၄၁၄။ (က) ပုဒ်မ ၄၀၄ ပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ကုမ္ပဏီဒါရိုက်တာ သို့မဟုတ် အရာရှိက အောက်ပါအချက်များကို သက်သေထင်ရှားတင်ပြနိုင်လျှင် ထိုသူက ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်နှင့် စပ်လျဉ်း၍ စွဲဆိုခံရသည့် ဒါရိုက်တာ သို့မဟုတ် အရာရှိအတွက် ခုခံချေပချက်တစ်ရပ် ဖြစ်စေရမည်-

(၁) ထိုဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်များကို ကျိုးကြောင်းဆီလျော်စွာနှင့် သင့်လျော်စွာ လိုက်နာခဲ့ကြောင်း၊

(၂) ထိုဒါရိုက်တာ သို့မဟုတ် အရာရှိအနေဖြင့် သင့်လျော်သည့်ကိစ္စရပ်များကို ဆောင်ရွက်ရန် မျှော်မှန်းနိုင်ခြင်း မရှိသည့် အခြေအနေများရှိခဲ့ကြောင်း။

(ခ) ပုဒ်မ ၄၀၄ ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိမှ အောက်ပါအတိုင်း သက်သေထင်ရှား တင်ပြနိုင်လျှင် ကုမ္ပဏီက ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်နှင့်စပ်လျဉ်း၍ စွဲဆိုခံရသည့် ဒါရိုက်တာ သို့မဟုတ် အရာရှိအတွက် ခုခံချေပချက်တစ်ရပ် ဖြစ်စေရမည်-

(၁) ကုမ္ပဏီသည် ကျိုးကြောင်းဆီလျော်၍ သင့်လျော်သည့် ကိစ္စရပ်များအားလုံးကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊

(၂) ကုမ္ပဏီကဆောင်ရွက်ရမည့် ကျိုးကြောင်းဆီလျော်၍ သင့်လျော်သည့် ကိစ္စရပ်များအားလုံးကို ဒါရိုက်တာ သို့မဟုတ် အရာရှိက လိုက်နာဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ သို့မဟုတ်

(၃) ကုမ္ပဏီက သင့်လျော်သည့်ကိစ္စရပ်များကို ဆောင်ရွက်ရန် ဒါရိုက်တာ သို့မဟုတ် အရာရှိအနေဖြင့် မျှော်မှန်းနိုင်ခြင်းမရှိသည့်အခြေအနေများ ရှိခဲ့ကြောင်း။

**ဆန့်ကျင်ဆောင်ရွက်ကြောင်း မြွက်ဟကြေညာမှုတွင် တာဝန်ရှိမှုများမှ ကင်းလွတ်ခွင့်ပြုခြင်း**

၄၁၅။ (က) ပုဒ်မ ၄၀၄ ပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တရားစွဲဆိုစစ်ဆေးမှုများအား ဆောင်ရွက်ခြင်းနှင့် ထိုစွဲဆိုမှုများကို စစ်ဆေးကြားနာခြင်းပြုရာတွင် ထိုသူသည် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ဆောင်ရွက်ခဲ့ကြောင်း သို့မဟုတ် ဆန့်ကျင်ဆောင်ရွက်ခဲ့သည့် အနေအထားရှိနိုင်ကြောင်း တရားရုံးက တွေ့ရှိရသော်လည်း အောက်ပါအခြေအနေများဖြစ်ပါက ထိုဆန့်ကျင်ဆောင်ရွက်မှုအတွက်ကြောင့် ထိုသူနှင့်သက်ဆိုင်မည့် သို့မဟုတ် အခြားနည်းဖြင့် တာဝန်ရှိနိုင်မည့် တာဝန်ရှိမှုတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိုသူအား ကင်းလွတ်ခွင့်ပြုနိုင်သည်-

(၁) ထိုသူသည် သဘောရိုးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည့်အပြင်၊

(၂) သက်ဆိုင်သည့်ကိစ္စရပ်များတွင် ကုမ္ပဏီတစ်ခု၏ အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးအဖြစ် ခန့်အပ်ခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပါအဝင် အမှု၏ ပတ်ဝန်းကျင်အကြောင်းခြင်းရာများကို ထည့်သွင်းစဉ်းစား၍ ၎င်း၏ဆန့်ကျင်ဆောင်ရွက်မှုအတွက် ကင်းလွတ်ခွင့်ပြုသင့်ကြောင်း ပေါ်ပေါက်လျှင်။

(ခ) တစ်ဦးတစ်ယောက်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ၎င်းအပေါ်တွင် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်မည်ဟု ထင်မြင်ယူဆလျှင် ထိုသူသည် အထက်ပါ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော သက်သာခွင့်ရရှိရေးအတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) အထက်ပါပုဒ်မခွဲ (ခ) အရ တင်ပြလျှောက်ထားလာလျှင် တရားရုံးသည် တရားစွဲဆိုဆောင်ရွက်မှုကို ၎င်း၏ရုံးတွင် စတင်စွဲဆိုဘိသကဲ့သို့ မှတ်ယူ၍ အထက်ပါပုဒ်မခွဲ (က) အရ သက်သာခွင့်ကို ပေးအပ်နိုင်သည်။

(ဃ) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် သက်သာခွင့်ပေးအပ်နိုင်သည့် တရားရုံး၏ အခြားသော အခွင့်အာဏာများကို ကန့်သတ်တားမြစ်ခြင်းမရှိစေရ။

**အခန်း (၅)**

**အထွေထွေ**

**နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် လမ်းညွှန်ချက်များ**

၄၁၆။ (က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေအား အကောင်အထည် ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဇယားနှင့်ပုံစံများကို ထုတ်ပြန်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုလုပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဇယားနှင့် ပုံစံများကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာရမည်။

**စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းခြင်းနှင့် အထူးတရားရုံးများတည်ထောင်ရန် အာဏာ**

၄၁၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သင့်တော်သော တရားရုံးအား လူမှုခွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအား ကြီးကြပ်ခြင်းနှင့် စပ်လျဉ်းသည့် လျှောက်ထားမှုများနှင့် လူမှုခွဲခံယူခြင်းဆိုင်ရာအမှုများ စစ်ဆေးစီရင်ရန် အထူးစီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းခြင်း၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အထူးတရားရုံး တည်ထောင်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ဤဥပဒေနှင့် သက်ဆိုင်စေခြင်း**

၄၁၈။ ဤဥပဒေစတင်အာဏာတည်သည့်နေ့နှင့်တစ်ပြိုင်နက် ကုမ္ပဏီများ၊ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော မိုက်ခရို၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများနှင့် အစုစပ်လုပ်ငန်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် တစ်သီးပုဂ္ဂလနှင့် မှတ်ပုံတင်ထားခြင်းမရှိသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ လူမှုခွဲခံယူခြင်းများနှင့်စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆောင်ရွက်ဆဲအမှုများကို ဆက်လက်ဆောင်ရွက်စေခြင်း**

၄၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအာဏာတည်သည့်နေ့ရက်မတိုင်မီက ဆောင်ရွက်နေသော ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် အစုစပ်လုပ်ငန်းများ ဖျက်သိမ်းခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။ ယင်းကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် အစုစပ်လုပ်ငန်းများ ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်ရာတွင် ယခင်ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

**စာချုပ်စာတမ်းများနှင့် စာရွက်စာတမ်းများကို ဆက်လက်အကျိုးသက်ရောက်စေခြင်း**

၄၂၀။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက် မတိုင်မီက ပြုလုပ်ထားသော လွှဲပြောင်းရေးဆိုင်ရာ စာချုပ်စာတမ်းများ သို့မဟုတ် အခြား စာရွက်စာတမ်းများသည် ယခင်အတိုင်း အကျိုးသက်ရောက်စေရမည်။

**ဆောင်ရွက်ဆဲလျှောက်လွှာများ**

၄၂၁။ (က) ယခင်ဥပဒေအရ ပြုလုပ်ခဲ့သော ကုမ္ပဏီ သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်အား ဖျက်သိမ်းရန် လျှောက်ထားမှုတစ်ရပ်ရပ်သည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ ယင်းလျှောက်ထားမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းမရှိသည့်အပြင် လျှောက်ထားသူက ရုပ်သိမ်းခြင်းမပြုသည့်ကိစ္စ၌ ယင်းလျှောက်လွှာကို ဤဥပဒေအရ လျှောက်ထားခဲ့သော လျှောက်ထားမှုတစ်ရပ်အဖြစ် မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) တွင်ပါရှိသော လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဤဥပဒေအရ သတ်မှတ်ထားသောလိုအပ်ချက်များနှင့် ကိုက်ညီစေရန်အတွက် လျှောက်ထားသူသည် မိမိ၏လျှောက်လွှာကို ပြင်ဆင်ရန် လျှောက်ထားနိုင်သည်။

**ယခင်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များအရဆောင်ရွက်ထားမှုများသည် ဆက်လက်အကျိုးသက်ရောက်မှုရှိခြင်း**

၄၂၂။ ဤအခန်းပါအခြားပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ အောက်ပါကိစ္စရပ်များသည် ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ဆက်လက်အကျိုးသက်ရောက်စေရမည် သို့မဟုတ် သက်ဆိုင်စေရမည်-

(က) ဤဥပဒေ စတင်အာဏာတည်ခြင်းမရှိမီက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်တူညီသော ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အပြင်၊

(ခ) ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ ဆက်လက် ဆောင်ရွက်နေလျှင်။

**ရရှိထားသော အခွင့်အရေးများကို ဆက်လက်ခံစားခွင့်ရှိခြင်း**

၄၂၃။ ဤအခန်းပါအခြားသောပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ဤဥပဒေ စတင်အာဏာတည်ခြင်းမရှိမီက တရားရုံး၏ အမိန့်အရ ရရှိသည့်ကိစ္စရပ်မှအပ တစ်ဦးတစ်ယောက်က ဤဥပဒေပါပြဋ္ဌာန်းချက်နှင့် တူညီသော ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ရရှိသည့် အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုသည် ဤဥပဒေပါ တူညီသော ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရရရှိသည့်အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုဖြစ်သည်ဟု မှတ်ယူရမည်။

**ပြဋ္ဌာန်းချက် သို့မဟုတ် စကားရပ်များကို ဆက်လက်အကျိုးသက်ရောက်စေခြင်း**

၄၂၄။ ယခင်သက်ဆိုင်ရာဥပဒေ သို့မဟုတ် ယင်းဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် စကားရပ်တွင် ရည်ညွှန်းဖော်ပြချက်တစ်ရပ်ရပ်သည် ဤဥပဒေ အာဏာတည်ပြီးနောက် ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် စကားရပ်နှင့် သက်ဆိုင်လျှင် နည်းဥပဒေဖြင့် သက်ဆိုင်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားခြင်း မရှိသရွေ့ သက်ဆိုင်သည်ဟု မှတ်ယူရမည်။

**အကူးအပြောင်းကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၄၂၅။ ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်မှုများမှ ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်မှုများအဖြစ်သို့ ကူးပြောင်းခြင်းနှင့် စပ်လျဉ်းသော အကျိုးသက်ရောက်မှုများ သို့မဟုတ် ကူးပြောင်းမှုအခြေအနေဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်စေရန် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ပြီး ဤအပိုင်းပါ ပြဋ္ဌာန်းချက်များတွင် အခြားနည်းဖော်ပြထားစေကာမူ ထိုနည်းဥပဒေများသည် အကျိုးသက်ရောက်မှုရှိစေရမည်။

**မူလဥပဒေများကို ပြန်လည်ရုပ်သိမ်းခြင်း**

၄၂၆။ ဤဥပဒေ စတင်အာဏာတည်သည့်နှင့်တစ်ပြိုင်နက်-

(က) ရန်ကုန်လူမှုခွဲခံယူခြင်းဆိုင်ရာအက်ဥပဒေနှင့် ယင်း၏ နောက်ဆက်တွဲဇယားများ၊ ယင်းဥပဒေအရပြဋ္ဌာန်းခဲ့သော နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများသည် ရုပ်သိမ်းပြီး ဖြစ်စေရမည်။

(ခ) မြန်မာနိုင်ငံ လူမှုခွဲခံယူခြင်းဆိုင်ရာအက်ဥပဒေနှင့် ယင်း၏ နောက်ဆက်တွဲ ဇယားများ၊ ယင်းဥပဒေအရ ပြဋ္ဌာန်းခဲ့သော နည်းဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများသည် ရုပ်သိမ်းပြီးဖြစ်စေရမည်။

---

## ဘီးလင်း၌ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ဘီးလင်း နိုဝင်ဘာ ၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၇ ရက် နံနက်က ဇုတ်သုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး၊ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘီးလင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများ၊ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်နေသည့်ကဏ္ဍများကို ရှင်းလင်းပြောကြားခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## မယ်စဲ့တွင် လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**မယ်စဲ့ နိုဝင်ဘာ ၈**

ကယားပြည်နယ် မယ်စဲ့မြို့နယ် မြို့နယ်ခန်းမ၌ နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ်မြောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ မြို့မစခန်းမှူး ဒုရဲမှူးသန်းအောင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာအောင်ဇော်ထွန်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကျော်မျိုးလွင်တို့က မျိုးဆက်သစ်လူငယ်များ လူညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးအမျိုးအစားများ၊ ဆောင်ရန်ရှောင်ရန်အချက်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများ၊ ဥပဒေဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို ဦးဆောင်ဆွေးနွေးကြသည်။

တက်ရောက်လာသော ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

**ဝတ်ရည်(ပြန်/ဆက်)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ပြည်သူသည်သာ အဆုံးအဖြတ်ပြုသူပါ

**မောင်စာဂ**

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် မြန်မာနိုင်ငံ လက်ရှိလွှတ်တော်သက်တမ်းကာလ၏ ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့လေပြီ။ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးမြောက်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၅. ၁၁. ၂၀၁၈ ရက်စွဲဖြင့် ကျေးဇူးတင်ရှိကြောင်း ထုတ်ပြန်ကြေညာချက်ပြုခဲ့ရာတွင် "၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် အေးချမ်းတည်ငြိမ်အောင်မြင်စွာဖြင့် ကျင်းပနိုင်ခဲ့ပါသည်။ ကြားဖြတ်ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြသော ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာအထောက်အကူပြုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ သတင်းရယူခဲ့ကြသည့် သတင်းမီဒီယာများနှင့် မဲဆန္ဒရှင်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်" ဟူ၍ ဖော်ပြထားသည်။

အထူးသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်ခဲ့သည့် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အသိပညာမျှဝေခြင်းဆောင်းပါးများ၊ ဆွေးနွေးပွဲစကားဝိုင်းများကို မြန်မာ့ရုပ်မြင်သံကြားမှ စဉ်ဆက်မပြတ်ထုတ်လွှင့်ပေးခြင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးခြင်းတို့အတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်အပ်ပါသည်။

## ရွေးကောက်ပွဲရလဒ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၄-၁၁-၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် ၁၆၃/၂၀၁၈ အရ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် မြင်းခြံမြို့နယ်တွင် ဦးစိန်မြင့် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ တာမွေမြို့နယ်တွင် ဦးတိုးဝင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ လဲချားမြို့နယ်တွင် ဦးစိုင်းဥက္ကာ (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်) တို့ ရွေးကောက်တင်မြှောက်ခံရကြောင်း ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၄-၁၁-၂၀၁၈ ခုနှစ် ရက်စွဲပါ ကြေညာချက်အမှတ် ၁၆၄/၂၀၁၈ အရ သက်ဆိုင်ရာ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ် စားလှယ်များအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ် (၂) က ဦးဆီဟူးဒွေ့ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) က ရွေးကောက်တင်မြှောက်ခံရကြောင်း ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၄-၁၁-၂၀၁၈ ခုနှစ် ရက်စွဲပါ ကြေညာချက်အမှတ် ၁၆၅/၂၀၁၈ အရ သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် မတူပီ (၁) တွင် ဦးအောင်လျန် (ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ တမူး (၂) တွင် ဦးရိုထန်းပွီးယာ (ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)၊ အုတ်တွင်း (၁) တွင် ဦးကျော်ဇေယျ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ မင်းဘူး (၂) တွင် ဦးကျော်ငွေ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ သပိတ်ကျင်း (၁) တွင် ဦးစိုးလွင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်တွင် ဦးစိုင်းပန်းဆိုင်(ခ)ဦးစိုင်းထွန်းစိန်(ခ) ဦးကျော်စိန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ရသေ့တောင် (၂) တွင် ဦးတင်မောင်ဝင်း (တစ်သီးပုဂ္ဂလ)၊ ဆိပ်ကမ်း (၂) တွင် ဦးနေမျိုးအောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) တို့ ရွေးကောက်တင်မြှောက်ခံရကြောင်း ကြေညာခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁၁-၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် ၁၆၆/၂၀၁၈ အရ ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဦးညွန့်ဝင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) က ရွေးကောက်တင်မြှောက်ခံရကြောင်း ကြေညာခဲ့သည်။

## လစ်လပ်မဲဆန္ဒနယ်မြေနှင့် ဝင်ရောက်ယှဉ်ပြိုင်သူဦးရေ

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက်လေးနေရာ၊ အမျိုးသားလွှတ်တော်အတွက် တစ်နေရာ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် ရှစ်နေရာ စုစုပေါင်း မဲဆန္ဒနယ် ၁၃ နေရာ ရှိခဲ့သည်။ ပါတီပေါင်း ၂၄ ပါတီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂ ဦးရှိပြီး တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး စုစုပေါင်း ၆၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

> ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယခု ကြားဖြတ်ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်ရမည်။ တရားမျှတမှုရှိရမည်။ ပွင့်လင်းမြင်သာရမည်။ အများယုံကြည်လက်ခံနိုင်ရမည်။ မဲဆန္ဒရှင်များ၏ ဆန္ဒမဲရလဒ်အစစ်အမှန်ကို ဖော်ထုတ်ပေးနိုင်ရမည်ဆိုသည့် ဦးတည်ချက်ငါးရပ်ဖြင့် ကျင်းပ ...

## ဆန္ဒမဲပေးခြင်းအခြေအနေ

ယခုကျင်းပပြီးစီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စုစုပေါင်း ၉၀၂၇၅၀ ဖြစ်သည်။ လာရောက်ဆန္ဒမဲပေးသူဦးရေမှာ ၃၈၂၉၆၁ ဖြစ်၍ ၄၂ ဒသမ ၄၂ ရာခိုင်နှုန်း လာရောက်ဆန္ဒမဲပေးခဲ့ကြသည်။

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မဲဆန္ဒရှင်စုစုပေါင်း၏ ၃၆ ဒသမ ၈၃ ရာခိုင်နှုန်းက လာရောက်ဆန္ဒမဲပေးခဲ့သည်။ ယခုကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ပိုမိုများပြားကာ ဆန္ဒမဲလာရောက်ပေးကြကြောင်း တွေ့ရသည်။

ကြားဖြတ်ရွေးကောက်ပွဲသို့ လာရောက်စောင့်ကြည့်လေ့လာကြသည့် အဖွဲ့အစည်းများမှာ ပြည်တွင်းစောင့်ကြည့်လေ့လာရေးအဖွဲ့ ရှစ်ဖွဲ့၊ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ တစ်ဖွဲ့၊ ဌာနေသံရုံး ၂၂ ရုံး၊ နိုင်ငံတကာအဖွဲ့အစည်း ရှစ်ဖွဲ့၊ ပြည်ပအခြေစိုက် နိုင်ငံတကာသတင်းဌာန ၁၉ ခု၊ ပြည်တွင်းသတင်းဌာန ၃၄ ခုတို့က လာရောက်လေ့လာ သတင်းရယူခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်း မဲဆန္ဒနယ် (၆) နယ်တွင် လာရောက်ကြည့်ရှု လေ့လာခဲ့သည်။

## ရွေးကောက်ပွဲများကျင်းပရန် ကြိုတင်စီမံဆောင်ရွက်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယခု နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်းလုပ်ငန်းများကို ရက်ပေါင်း ၁၈၀ ခြောက်လ ကြိုတင်၍ စီမံပြင်ဆင် ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်သတ်မှတ်ကြေညာခြင်း၊ လစ်လပ်မဲဆန္ဒနယ်များ ကြေညာခြင်း၊ ပထမအကြိမ် မဲစာရင်းများကပ်ထားကြေညာခြင်း၊ ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ အတည်ပြုကြေညာခြင်း၊ ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရန် အချိန်ကာလ သတ်မှတ်ကြေညာခြင်း၊ ဒုတိယအကြိမ် မဲစာရင်းများကပ်ထားကြေညာခြင်း၊ မဲဆန္ဒနယ်ပြင်ပရောက်(ပြည်တွင်း+ပြည်ပ) မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ (ပြည်တွင်း+ပြည်ပ) အား လာရောက်စောင့်ကြည့်လေ့လာနိုင်ရေး ဖိတ်ခေါ်ခြင်း၊ ရွေးကောက်ပွဲမဲဆွယ်စဉ်ကာလ အငြင်းပွားမှုများဖြေရှင်းနိုင်ရန် ဖေ့စပ်ညှိနှိုင်းရေး ကော်မတီ အဆင့်ဆင့်ကိုဖွဲ့စည်းခြင်း၊ လုံခြုံရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းစသည့် ပင်မလုပ်ငန်းများကို အချိန်ဇယားသတ်မှတ်ရေးဆွဲ၍ စနစ်တကျ စီမံဆောင်ရွက်ခဲ့သည်။

## သင်တန်းများပေးခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပထမအဆင့်အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ခေါ်ယူ၍ ရွေးကောက်ပွဲဆိုင်ရာသင်တန်းများ၊ ဆရာဖြစ်သင်တန်းများ ပေးခဲ့သည်။ ထို့နောက်တွင် သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ်များ၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများသို့ ထပ်ဆင့်၍ သင်တန်းများပေးခဲ့သည်။ ထိုမှတစ်ဆင့် မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များအား သင်တန်းများ ပေးခဲ့သည်။

## အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်ပြည်သူများ သိမှတ်ဖွယ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ သိမှတ်ဖွယ်၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်များသိမှတ်ဖွယ်၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် တရားမဲ့မှုများအကြောင်းသိမှတ်ဖွယ် စသည့် စာစောင်များကို ပြုစု၍ သက်ဆိုင်ရာရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများသို့ ဖြန့်ဝေခဲ့သည်။

ထို့ပြင် မဲဆန္ဒရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲဝင်နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ (ပြည်တွင်း+ပြည်ပ) များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသူများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သည့် အချက်အလက်များ၊ ဆောင်ရန်ရှောင်ရန်အချက်အလက်များကို အသိပညာမျှဝေခြင်း ဆောင်းပါးများရေးသား၍ သတင်းစာများတွင်ဖော်ပြခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများကလည်း ရွေးကောက်ပွဲဆိုင်ရာ စကားဝိုင်းများပြုလုပ်၍ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်း၊ သတင်းစာများတွင် ဖော်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။

## ရွေးကောက်ပွဲအခင်းအကျင်း

ရွေးကောက်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲအခင်းအကျင်းသည် ပွင့်လင်းမြင်သာမှုရှိရမည်။ မဲဆန္ဒရှင်များလွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်ရှိရမည်။ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ထိခိုက်မှုမရှိစေရ။ တရားမျှတမှုရှိရမည်။ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရသည်။ ရွေးကောက်ပွဲတာဝန်ရှိသူများ သမာသမတ်ကျရမည်။ ဘက်လိုက်မှုကင်းရမည်။ ဤသည်တို့မှာ နိုင်ငံတကာက လက်ခံထားသော စံများဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယခု ကြားဖြတ်ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်ရမည်။ တရားမျှတမှုရှိရမည်။ ပွင့်လင်းမြင်သာရမည်။ အများယုံကြည်လက်ခံနိုင်ရမည်။ မဲဆန္ဒရှင်များ၏ ဆန္ဒမဲရလဒ်အစစ်အမှန်ကို ဖော်ထုတ်ပေးနိုင်ရမည်ဆိုသည့် ဦးတည်ချက်ငါးရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်နှင့်အညီ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ ရွေးကောက်ပွဲကြည့်ရှုလေ့လာသူများ၊ သတင်းမီဒီယာများ စုံစုံညီညီ၏မျက်မှောက်တွင် ပွင့်လင်းမြင်သာစွာဖြင့် ကျင်းပပေးခဲ့သည်။ အေးချမ်းတည်ငြိမ်အောင်မြင်စွာဖြင့် ကျင်းပပြီးစီးခဲ့သည်။

## မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်

ကြားဖြတ်ရွေးကောက်ပွဲကာလတွင် မဲဆန္ဒနယ် ၆ နေရာမှ မဲရုံများကို စောင့်ကြည့်လေ့လာခဲ့ရာ ပုံမှန်မဟုတ်သည့်အနေအထား တစ်စုံတစ်ရာမတွေ့ရှိရဘဲ နိုင်ငံတကာလူ့အခွင့်အရေးစံများနှင့် အတတ်နိုင်ဆုံး လိုက်လျောညီထွေစွာ ကျင်းပဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်က နိုဝင်ဘာ ၄ ရက်နေ့ သတင်းထုတ်ပြန်ချက်တစ်ရပ် ပြုလုပ်ခဲ့သည်။ ယင်းထုတ်ပြန်ချက်၌ "ထိုကဲ့သို့ လေ့လာရာတွင် သတ်မှတ်မဲရုံများ၌ သတ်မှတ်ချိန်များအတွင်း သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ တိကျမှန်ကန်သော လေ့လာမှုများကို ပြုလုပ်ခဲ့ပြီး အထူးသဖြင့် လူ့အခွင့်အရေးစံသတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ-မရှိကို အလေးထား၍ စောင့်ကြည့်ခဲ့ခြင်းဖြစ်ကြောင်း" ဖော်ပြထားသည်။

စာမျက်နှာ ၁၇ သို့ ❐

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ

**ဖလမ်း နိုဝင်ဘာ ၈**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲက လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဖဲလ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရာလ်နှင်တို့က လွှတ်တော် အတွေ့အကြုံများကို ရှင်းလင်းသည်။

တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# တတိယအကြိမ် အင်းသားအမျိုးသားနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ညောင်ရွှေ နိုဝင်ဘာ ၈**

တန်ဆောင်မုန်းလဆန်း ၁ ရက်တွင် ကျရောက်သော တတိယအကြိမ် အင်းသားအမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ ညောင်ရွှေမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ နံနက် ၈ နာရီတွင် ညောင်ရွှေမြို့အနောက်ဘက်ရှိ နန်းကပ်ချောင်းအတွင်း သတ်မှတ်စုရပ်မှ အင်းသားရိုးရာ ရာကျော်ဆွဲလှေ ၁၄ စင်းဖြင့် ရေကြောင်းချီသရုပ်ပြ လှော်ခတ်ချီတက်ကြပြီး အင်းသားတိုင်းရင်းသား လူထုအင်အား ၅၀၀၀ ကျော်ခန့်က စစ်ကြောင်းငါးကြောင်းဖြင့် လူထုအခမ်းအနားပြုလုပ်မည့် မြို့နယ်ခန်းမသို့ သတ်မှတ်လမ်းကြောင်းများအတိုင်း စီတန်းချီတက်စုရုံးခဲ့ကြသည်။

ယင်းနောက် လူထုအခမ်းအနားကိုနံနက် ၉ နာရီတွင် စတင်ကျင်းပရာ ဟဲယာရွာမလံစည်အဖွဲ့က လံစည်အကဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်တို့က တတိယအကြိမ် အင်းသားအမျိုးသားနေ့ အခမ်းအနား နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့ အသီးသီးမှပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်ထားရှိခဲ့သည်။

ထို့နောက် အင်းသားအမျိုးသားလူငယ်တစ်ဦးက အင်းသားလူထုတွေ့ဆုံပွဲမှ ရရှိလာသော တွေ့ရှိချက်များကိုဖတ်ကြားတင်ပြရာ အခမ်းအနား တက်ရောက်လာသည့် ပြည်သူလူထုနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးတို့က ထောက်ခံအတည်ပြုခဲ့ကြသည်။

ယင်းနောက် အလှူရှင်အသီးသီးတို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တတိယအကြိမ် အင်းသားအမျိုးသားနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းဇော်က လက်ခံရယူသည်။

ဆက်လက်၍ အင်းသားတိုင်းရင်းသားတို့ စုပေါင်းမဟာဘုံကထိန် စီတန်းလှည့်လည် အပူဇော်ခံခြင်းကို ပြုလုပ်၍ ညောင်ရွှေမြို့ မြို့မ ရန်ကုန် ဘုန်းတော်ကြီးကျောင်းတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ(ညောင်ရွှေ)**

# မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေး မြို့တွင်းလမ်းများ နိုင်လွန်ကတ္တရာခင်းခြင်းဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့တော်သန့်ရှင်းသာယာလှပစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများဖြင့် မြို့တွင်းလမ်းများတိုးချဲ့ထပ်ပိုးလွှာခင်းခြင်း၊ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မဟာအောင်မြေမြို့နယ်အတွင်း သွားလာမှုများပြားသော လမ်း ၈၀ အား ၃၆ လမ်းမှ ၄၂ လမ်းအထိ ပျမ်းမျှအကျယ်ပေ ၄၀၊ အရှည်ပေ ၃၂၅၀ ကို နိုဝင်ဘာ ၇ ရက်က ထပ်ပိုးလွှာတင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ ဒုတိယမြို့တော်ဝန် ဦးရဲမွန်နှင့် ကော်မတီဝင်များ လာရောက်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လမ်းအရည်အသွေးကောင်းမွန်စေရေး၊ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် စနစ်တကျဆောင်ရွက်ရေး လမ်းတံတားဌာန တာဝန်ခံအင်ဂျင်နီယာများအား ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ယာဉ်ကြောရှုပ်ထွေးမှုလျော့နည်းစေရေး ၄၁ လမ်းအား လမ်း ၈၀ မှ ၇၈ လမ်းအထိ လမ်းဖောက်နိုင်ရေး ကွင်းဆင်းစစ်ဆေးပြီး မြန်မာ့မီးရထားနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေ ယာဉ်ရပ်နားစခန်းနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းများသို့ ဝင်ထွက်သွားလာမှုကောင်းမွန်စေရေး မဟာအောင်မြေမြို့နယ် ၈၇ လမ်းနှင့် ၈၈ လမ်းကြား၊ လမ်း ၄၀ နှင့် ၄၁ လမ်းတို့အား ကွင်းဆင်းစစ်ဆေးပြီး လမ်းတိုးချဲ့ဖောက်လုပ်နိုင်ရေး၊ သက်ဆိုင်ရာဌာနများ စီမံချက် ရေးဆွဲတင်ပြ၍ ညှိနှိုင်းဆောင်ရွက်ရေး ဖြည့်ဆည်းမှာကြားသည်။

**မောင်ပြည်သူ(မန္တလေး)**

# ညောင်ရွှေတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများဆွေးနွေး

**ညောင်ရွှေ နိုဝင်ဘာ ၈**

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ညောင်ရွှေမြို့နယ် ဘန်းပြင်ကျေးရွာအုပ်စု ဖက်ရပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးနှင့် အမျိုးသားလွှတ်တော် အမှတ် (၉) မဲဆန္ဒနယ် ရှမ်းပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေတို့က အသီးသီးအမှာစကားပြောကြားကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းတာဝန်များဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း သာပေါင်းတွင်ဖွင့်လှစ်

**သာပေါင်း နိုဝင်ဘာ ၈**

အရန်မီးသတ် တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၁၈) ဖွင့်ပွဲကို ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးညီနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ကျော်တက်ရောက်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မော်ဟန်ရွာ လေးတန်ချောင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**မိုးညှင်း နိုဝင်ဘာ ၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာတွင် နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီက မော်ဟန်ကျေးရွာ လေးတန်ချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ကျေးရွာအတွင်း လမ်းအရှည်တစ်မိုင်ကို နမ္မချီကျောက်မျက်လုပ်ငန်းရှင်များနှင့် ဒေသခံများက စုပေါင်းပြုပြင်ဆောင်ရွက်ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် ဘက်ဟိုးယန္တရားငါးစီး၊ မြေသည်ယာဉ်ခုနစ်စီးဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်ထိ လေးတန်ချောင်းရေစီးရေလာကောင်းမွန်ရေးနှင့် ကျေးရွာအတွင်း မိုးတွင်းကာလ ပျက်စီးနေသော လမ်းအရှည်တစ်မိုင်ကို ပွင့်လင်းရာသီတွင် ဆက်သွယ်သွားလာရေး လွယ်ကူစေရန်အတွက် သဲကျောက်များခင်းကျင်းကာ စုပေါင်းပြုပြင်ဆောင်ရွက်ကြသည်။

**နီတိုး**

## ပြည်သူသည်သာ အဆုံးအဖြတ်ပြုသူပါ

❐ စာမျက်နှာ(၁၆)မှ

### ပြည်သူသည်သာအခရာ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် ရွေးကောက်ပွဲများကို စီမံ၊ ကြီးကြပ်၊ စီစဉ်ဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းသာဖြစ်သည်။ ပမာပုံပြဆိုရသော် စည်းကြပ်ဒိုင်သဖွယ် လိုအပ်သည်များကို အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ပေးရခြင်းသာဖြစ်သည်။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မည်သူကနိုင်သည်၊ မည်သူကရှုံးသည်ဟူ၍ အဆုံးအဖြတ်ပေးခြင်း မပြုနိုင်ပါ။ မဲဆန္ဒရှင်ပြည်သူများကသာ အဆုံးအဖြတ်ပေးနိုင်ပါသည်။ မဲဆန္ဒရှင်ပြည်သူများကသာ အခရာဖြစ်သည်။ ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား အနိုင်အရှုံး အဆုံးအဖြတ်ပေးသူမှာ မဲဆန္ဒရှင်ပြည်သူများသာ ဖြစ်ပါသည်။

### ကြားဖြတ်ရွေးကောက်ပွဲမှသည် အထွေထွေရွေးကောက်ပွဲဆီသို့

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ ငြိမ်းချမ်းတည်ငြိမ်အောင်မြင်စွာဖြင့် ကျင်းပနိုင်ခဲ့သည်။ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရပါဦးမည်။ အချိန်တွေလိုပါသေးသည်ဟု မတွေးတောမစဉ်းစားသင့်။ အချိန်ကုန်ဆုံးမှုက မြန်ဆန်လှသည်။ အချိန်နှင့်တစ်ပြေးညီ လုံ့လစိုက်ထုတ် ကြိုးစားဖို့ဆိုသည်ကို သတိမေ့မထားသင့်ကြပါ။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် အတွေ့အကြုံများက ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် သင်ခန်းစာရယူဖွယ် အတွေ့အကြုံများစွာ ရရှိကြပါလိမ့်မည်။ ပို၍ပို၍ ပြည့်စုံကောင်းမွန်သော ရွေးကောက်ပွဲများဖြစ်ဖို့လိုပါမည်။

ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော ရွေးကောက်ပွဲအရာရှိများ၊ ဝန်ထမ်းများအားလုံး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပို၍ပို၍ ကျွမ်းကျင်သိရှိထားကြရပါမည်။ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ အစဉ်သဖြင့် ရှင်သန်အားကောင်းနေဖို့ လိုပါသည်။

ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူများထံမှ ဆင်းသက်ကြသည်။ ရွေးကောက်ပွဲတစ်ခုတွင် အဆုံးအဖြတ်ပေးသူမှာ ပြည်သူများသာဖြစ်သည်။ ပြည်သူသည်သာ အခရာဖြစ်သည်။ ပြည်သူကိုဦးတည်ရမည်။ ပြည်သူကိုဗဟိုပြုရမည်။ ပြည်သူ၏ဆန္ဒကို အလေးထားရမည်။ ရွေးကောက်ပွဲတွင် အဆုံးအဖြတ်ပေးနိုင်သော ပြည်သူများ၏ဆန္ဒဖြင့်သာ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ကြရမည်။

ဤသို့ဆိုလျှင် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးသည်လည်း မဲဆန္ဒရှင်ပြည်သူများသည်သာအခရာ၊ ပြည်သူများသည်သာ အဆုံးအဖြတ်ပြုသွားကြမည်ဖြစ်ကြောင်းပါ။

**ပြည်သူကိုဗဟိုပြု၍ ပြည်သူကို ဦးတည်နိုင်ကြပါစေ၊**
**ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ဘဝကို အလေးထားနိုင်ကြပါစေ၊**
**ပြည်သူနှင့် နိုင်ငံတော်အကျိုးကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်နိုင်ကြပါစေ။**

❑

## "အရဟံ စေတီ" တည်ကြမည်

ဘုရားဒကာ ၊ ဘုရားအမများ ကြွရောက်ပါရန် ဖိတ်ခေါ်ပါသည်။

ရန်ကုန်၊ မြောက်-ဒဂုံ၊ (၄၂)ရပ်ကွက်၊ ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်၊ အဝင်တွင် ဝါကျွတ်ပါက 'အရဟံ စေတီ' တည်ပါမည်၊ တပေါင်းလပြည့်နေ့ ထီးတင်ပါမည်၊ တစ်ဦးလျှင် ကျပ်တစ်သိန်းမျှသာ ကုသိုလ်ပါဝင်ပါက လွယ်ကူစွာ ပြီးပါလိမ့်မည်၊ ဆန္ဒကုသိုလ် ပါဝင်လိုပါက ဆရာတော့်ထံ နာမည်စာရင်းသာ ပေးပို့၍ အလှူတော်ငွေကို မြောက်ဥက္ကလာပ ကမ္ဘောဇဘဏ် အကောင့်အမည်-အရှင်အာစာရာလင်္ကာရ - 0 70 30 10 1600 51 400 1 သို့သာ တိုက်ရိုက် လွှဲပို့စေလိုပါသည်၊

[အသေးစိတ်သိရှိလိုပါက Ph: 09 78 78 77 969 သို့ ဆက်သွယ်နိုင်ပါသည်၊]

## "ဆရာကြီး ဦးမျိုးမြင့်ထွန်း၏ ဝိပဿနာဘာဝနာ သင်တန်း (၅)ရက်တရားစခန်း"

ဝိပဿနာဘာဝနာ တရားအားထုတ်လိုသူများအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - (၁၂. ၁၁. ၂၀၁၈) မှ (၁၆. ၁၁. ၂၀၁၈) နေ့အထိ
အချိန် - နံနက် (၉း၀၀)နာရီ မှ ညနေ (၄း၀၀)နာရီ အထိ
နေရာ - မှုသံယုတ်ကျောင်းတိုက်၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်(ဗဟန်း)နှင့် ကမ္ဘာအေးဘုရားလမ်း ဓမ္မိဋ္ဌိနှင့်ထောင့်၊ ကန်တော်ကြီးနှင့်မျက်နှာချင်းဆိုင်။
(ဗဟန်း-၃)လမ်း မှတ်တိုင်ဆင်းပါ။
(၃၆၊ ၂၈၊ ၂၉၊ ၈၊ ၁၂ ရန်ကုန်လေဆိပ်)
မှတ်ချက် - ထမင်းချိုင့်ယူလာပါရန်/နေ့လယ်အာဟာရဒါန ကျွေးမွေးပါမည်။

စုံစမ်းရန်ဖုန်း ။ ။ 09-263690062, 09-420185386

## ရတနာပုံတက္ကသိုလ်ရှေးဟောင်းသုတေသနပညာ (၁၉၉၆-၂၀၀၅) အပထအောင် ကျောင်းသား/ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ နှိုးဆော်ဖိတ်ကြားလွှာ

ဒုတိယအကြိမ် ရတနာပုံတက္ကသိုလ် ရှေးဟောင်းသုတေသနပညာရပ်အဓိက (၁၉၉၆-၂၀၀၅) အပထအောင် ကျောင်းသား/ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ရတနာပုံတက္ကသိုလ်မှာရုံ၌ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် စနေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများ ထည့်ဝင်ကြပါရန်နှင့် ကိုယ်တိုင်တက်ရောက် ကန်တော့ကြပါရန် ခင်မင်ရင်းနှီးစွာ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်-**

| | | |
|---|---|---|
| - မအေးသန္တာ | (၁၉၉၇) | ၀၉- ၄၀၂၅၀၅၅၁ |
| - ကိုကျော်စွာ | (၁၉၉၈) | ၀၉- ၂၅၆၀၃၃၆၁၃ |
| - မအိမမ | (၁၉၉၉) | ၀၉-၅၄၀၁၃၆၃ |
| - မသက်ဝေဖြိုး | (၁၉၉၉) | ၀၉- ၄၀၂၇၄၂၀၂၀ |
| - မနွယ်နွယ်မိုး(ခ) မထက်ထက်လင်း | (၂၀၀၀) | ၀၉-၄၃၁၄၆၂၈၆ |
| - မချိုချိုသက် | (၂၀၀၁) | ၀၉-၇၇၄၄၉၂၅၆၈ |
| - မတင်နွဲ့သူဝင်း | (၂၀၀၁) | ၀၉- ၇၉၇၆၂၃၅၁၅ |
| - မမို့မို့ကျော် | (၂၀၀၂) | ၀၉- ၂၆၅၄၀၄၀၂၆ |
| - မောင်သူရအောင် | (၂၀၀၂) | ၀၉-၅၀၃၇၇၅၃ |
| - ကိုဇင်ဝေ | (၂၀၀၃) | ၀၉- ၇၆၇၆၈၆၃၈၀ |
| - မခင်သူဆွေ | (၂၀၀၃) | ၀၉- ၇၉၀၆၃၇၂၀၉ |
| - မအိမြတ်ခိုင် | (၂၀၀၄) | ၀၉- ၄၄၅၉၆၃၀၉၅ |
| - မခိုင်မီမီကျော် | (၂၀၀၄) | ၀၉- ၇၉၃၀၃၀၇၅၄ |
| - မစန္ဒာထွန်း | (၂၀၀၅) | ၀၉- ၄၀၂၇၅၇၃၃၉ |
| - ကိုစည်သူအောင် | (၂၀၀၅) | ၀၉- ၉၇၁၁၉၂၂၉၉ |

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ဖိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၁/မမ/(ဌာနခွဲအသီးသီး) | စာရေးကိရိယာနှင့်မိတ္တူကူးစက်ဆက်စပ်ပစ္စည်း(၂၀၅)မျိုးဝယ်ယူရန် |
| ၂ | ၀၂/မမ/(ဌာနခွဲအသီးသီး) | ကွန်ပျူတာဆက်စပ်ပစ္စည်း(၈၃)မျိုးဝယ်ယူရန် |
| ၃ | ၀၃/မမ/(ဌာနခွဲအသီးသီး) | အဆင့်မြင့်စက္ကူပြူ(၂)မျိုးဝယ်ယူရန် |
| ၄ | ၃၀/မမ/(CME) | စက်ဆီ/ချောဆီ(၈)မျိုး(1878)Drums ဝယ်ယူရန် |
| ၅ | ၃၁/မမ/(CME) | စက်ခေါင်းများသုံးတွင်သုံးရန် 12V ,200 AH ,Lead Acid Battery(100)No ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - (၁၁.၁၂. ၂၀၁၈)(အင်္ဂါနေ့)(၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၉.၁၁. ၂၀၁၈)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

## h to h Real Estate
### အမြန်ရောင်း/ငှားမည်

| | | |
|---|---|---|
| ၁။အင်းစိန်၊ဒညင်းကုန်းလမ်းမပေါ်၊ဘိုးဘွား မြေ | (50'x150') | 8000L |
| ၂။အင်းစိန်၊တောင်သုကုန်းရပ်ကွက်၊ဂရံ | 2RC(40'x60') | 3500L |
| ၃။ဒဂုံဆိပ်ကမ်း၊ (၄ကွက်တွဲ)ပါမစ် | (40'x60) | 2200L |
| ၄။လှိုင်၊သုခလမ်း၊ကားပါကင်ပါ၊M-2,S-1 | (1056sqft) | 1550L |
| ၅။ကျောက်တံတား၊ဆိပ်ကမ်းသာလမ်း၊ | 2F(25x60) | 2200L |
| ၆။လမ်းမတော်၊အနော်ရထာလမ်းမ၊ပထပ်၊(ပြင်ဦး)(15'x50) | | 1300L |
| ၇။မ/ဒဂုံ၃၉(ဘီ)၊အသင့်နေလုံးချင်း၊ဂရံ | 2BN(40'x60') | 1200L |
| ၈။ကမာရွတ်၊ဟိုင်းဝေးကွန်းပက်၊M-1,S-2 | (1300sqft) | 1200L |
| ၉။တ/ဥ၊ပါရမီလမ်းမပေါ်၊M-1,S-1 | (1045sqft) | 1150L |
| ၁၀။တ/ဥ၊မင်္ဂလာလမ်းမ၊Mini Condo | (19'x54') | 800L |
| ၁၁။စမ်းချောင်း၊ဟသာ်တလမ်း၊မြေညီ | (12.5'x50) | 650L |
| ၁၂။ဗတာထ၊ဗိုလ်မြတ်ထွန်းလမ်း၊လုံးချင်း | (50'x60') | 80L |
| ၁၃။ကန်တော်ကြီး၊တာဝါ၊Fully fun | (1650sqft) | 10L |
| ၁၄။ရန်ကင်း၊မိုးကောင်းလမ်းမပေါ် | (18'x81') | 7.5L |

01-399897, 01-8610236, 09-775048777, 09-5096069
09- 97400 7400 (အိမ်ခြံမြေများအပ်နှံနိုင်ပါသည်)

## ukD m;bmom tcrbiwef

တစ်လတည်းနဲ့ကိုရီးယားစာ ရေးနိုင်၊ ဖတ်နိုင်ရမည်။ ၁၁-၁၁-၂၀၁၈ရက် နောက်ဆုံးထားစာရင်းပေးသွင်းကြပါရန်။ လစဉ်လဆန်းရက်များတွင် တန်းခွဲသစ်များရှိပါသည်။ တိုက်(C)၊ အခန်း(၈)သဃ်န်းကျွန်းဘဏ်ရိပ်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
ကြည့်မြင်တိုင် တန်းခွဲ-တိုက်(28/30)၊ အခန်း(6A)၊ ပိတောက်ပင်အောက်လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်၊ ဖုန်း-၀၉-၄၅၀၀၃၉၆၈၈

ဒဂုံမြို့သစ်
(တောင်ပိုင်း)၊ (ဆိပ်ကမ်း)
မြေကွက်များ ဝယ်လိုသည်။
ဖုန်း-၀၉-၄၃၀၇၅၁၂၉



MOB
MYANMAR ORIENTAL BANK

ANNIVERSARY...
Since1993
25th MOB
MYANMAR ORIENTAL BANK

မြန်မာအရှေ့တိုင်းဘဏ်၏ (၁၈.၁၁.၂၀၁၈) နေ့တွင်
ကျရောက်မည့် ငွေရတုတိုင်အောင်
အောင်မြင်မှုများစွာရရှိရန် ပူးပေါင်းကူညီပေးခဲ့သော
မိတ်ဟောင်းမိတ်သစ် Customer များနှင့်
ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအားလုံးကို
ဝမ်းပန်းတသာ လှိုက်လှဲစွာဖြင့် ကျေးဇူးတင်လျက်
ကောင်းမွန်သည့် အနာဂတ်များစွာသို့
ဆက်လက်ကြိုးစားသွားမည်ဖြစ်ပါသည်။

မြန်မာအရှေ့တိုင်းဘဏ်မိသားစု

**Head Office:**
No. (166/168), Pansodan Street, Kyauktada Township,Yangon.
Ph: 01- 246 594, 246 595, 246 596

/mobbankmyanmar
info@mobmyanmar.com
www.mobmyanmar.com


smart
FREE
smart အချင်းချင်း
ငွေပေးပို့မှုများအတွက် ဝန်ဆောင်ခ အခမဲ့
ATM
MPU logo ပါ ATM စက်တိုင်းမှာ
ဝန်ဆောင်ခ အခမဲ့
smart နဲ့ Mobile Banking မှတဆင့်
ဖုန်းဘေလ်ဖြည့်လျှင် ၄% discount
smart နဲ့ ဘယ် Wave Money
အကောင့်ကိုမဆို ငွေလွှဲခ အခမဲ့
MPU logo ပါ POS စက်တိုင်းမှာ
ဝန်ဆောင်ခ အခမဲ့
smart အကောင့်ကို
အွန်လိုင်းပေါ်မှတဆင့် လျှောက်ထားပြီး
မြန်မာတစ်နိုင်ငံ တစ်ဝန်းလုံးရှိ ရိုးမဘဏ်ခွဲများတွင်
smart MPU Debit Card ကို
သွားရောက်ထုတ်ယူနိုင်ပါပြီ။
အောက်ပါ QR ကို Scan လုပ်ပြီး smart ကို
အွန်လိုင်းမှ အခုပဲ လျှောက်ထားလိုက်ပါ။
applysmart.yomabank.com
YOMA BANK CALL CENTER
9662 (သို့မဟုတ်)
097-9662-9662
YOMA BANK
The Responsible Bank.

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးကျော်ညွန့် (မြင်းခြံ)**
**အသက် (၁၀၀)**
**တရားလွှတ်တော်ရှေ့နေ**

ရန်ကုန်မြို့၊ (၁၄၅-၁၄၇)၊ လမ်း (၂၀)၊ လသာမြို့နယ်နေ ဦးဘာဘာ-ဒေါ်ကျင်ကျတ်တို့၏ သားကြီး၊ (ဦးဟင်ကြူ-ဒေါ်စုံလင်)တို့၏ သားသမက်၊ မြင်းခြံမြို့နေ ဒေါက်တာဒေါ်လှမြင့်၏ခင်ပွန်း၊ မြင်းခြံမြို့၊ 'သန့်'ဆေးခန်းနေ ဦးအောင်သန်း-ဒေါက်တာစိမ်းလဲ့ညွန့်တို့၏ဖခင်၊ ဒေါက်တာတိုးတင့်အောင် (စီမံကိန်းမန်နေဂျာ၊ ဥက္ကာသီရိကုမ္ပဏီလီမိတက်၊ ကိုပိုင်ဖုန်းမော် (တတိယနှစ်၊ ဆေးတက္ကသိုလ်၊ မန္တလေး)တို့၏အဘိုး ဦးကျော်ညွန့်သည် ၇-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၇နာရီတွင် မြင်းခြံမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မြင်းခြံမြို့ ဆူးဖြူကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ကိုသူရဇော်(ခ)ဖူးဖူး**
**အသက်(၃၈)နှစ်**
**T.T.C (98)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၄၃)နေ (ဗိုလ်ချုပ်ဖေမြိုင်-ဒေါ်တင်အေး)၊ (ဗိုလ်မှူးကြီးသောင်းဝေ-ဒေါ်ခင်မြင့်မြင့်)တို့၏ မြေးဦး၊ ဦးမျိုးသန့်-ဒေါ်ချိုဝင်းမြိုင်တို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသား၊ ဦးလှမောင်၊ ဦးနေမျိုးသောင်း-ဒေါ်ခင်ထွေး၊ (ဦးမြတ်စိုး)-ဒေါ်သီဂီသောင်း၊ ဦးဝင်းမြင့်-ဒေါ်သီတာသောင်း၊ ဦးဇော်ဖေမြင့်-ဒေါ်ကလျာသောင်း၊ ဦးနေဝင်းသောင်း-ဒေါ်ဘေဘီညွန့်မောင်၊ ဦးမောင်မောင်ဦး-ဒေါ်နွယ်နွယ်ဝင်း၊ ဦးတင်မောင်လွင်-ဒေါ်မွှေးမွှေးမြိုင်၊ ဦးအောင်ဝင်းသိန်း-ဒေါ်အေးအေးခိုင်တို့၏ ချစ်လှစွာသောတူ၊ ဗိုလ်မှူးအောင်သူဝင်း-ဒေါ်ဝတ်ရည်ဦး၊ ဦးစိုးဝေယံလွင်-ဒေါ်လွင်ရည်မွန်၊ ဦးဖြိုးစည်သူ-ဒေါ်ခင်ဘုန်းဦး၊ ဦးဟိန်းသုအောင်-ဒေါ်ချိုသွယ်ဦး၊ ဦးကြည်ချမ်းဝေ-ဒေါ်အေးချမ်းပွင့်သူ၊ ကိုထူးဇော်ထက်၊ ကိုငြိမ်းချမ်းဇော်၊ ကိုစိုးနေဝင်း၊ မကြည်လဲ့ဝင်း၊ ကိုလင်းထက်၊ မလှမြတ်စိုး၊ မအေးမြတ်နိုး၊ မောင်နေအောင်လင်း၊ မောင်အောင်စစ်သွေးဇော်၊ မအေးချမ်းနေမျိုး၊ မအိန္ဒြာသဇင်မင်းတို့၏ အစ်ကိုကြီးသည် ၇-၁၁-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၈(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးအုန်းဖေ (ရေနံချောင်း)**
**လ/ထ ကထိက(ငြိမ်း)၊ သဃ်န်းကျွန်းဆရာအတတ်သင်ကျောင်း**
**မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ**
**အထက်တန်းပြ တောင်တွင်းကြီး၊ အထက(၁)**
**ရေနံချောင်း အထက(၁) ပညာအုပ်၊ ကံမမြို့နယ်၊ မကွေးတိုင်းဒေသကြီး**
**အသက် (၈၅) နှစ်**

ဗိုလ်ကြီးကျော်မင်းငွေး(ငြိမ်း)-ဒေါ်ချိုချိုအုန်းတို့၏ဖခင်ဖြစ်သူ ဦးအုန်းဖေ အသက် (၈၅)နှစ်သည် ၆-၁၁-၂၀၁၈ ရက် ညနေ ၆း၃၀ နာရီတွင် ရန်ကုန်မြို့၊ အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၁၇) ကျောင်းဆင်းသူငယ်ချင်းများနှင့်**
**မိသားစုဝင်များ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်မြတုတ်(အင်းစိန်)**
**အသက်(၈၄)နှစ်**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ သတင်းစာဆရာ/စာရေးဆရာ ဦးအုန်းကြိုင်(ဟံသာဝတီ)၏ဇနီး ဒေါ်မြတုတ် (အင်းစိန်) အသက် (၈၄)နှစ်သည် ၆-၁၁-၂၀၁၈(အင်္ဂါနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ခင်စန်းကြည်**
**အသက် (၇၁) နှစ်**

[ဦးနီ (ဆည်မြောင်းဦးစီးဌာန)]၏ဇနီး၊ ဗိုလ်မှူးဇော်ဇော်ဘို(ငြိမ်း) (ညွှန်ကြားရေးမှူး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်မေသန်းဦးတို့၏ မိခင်ဖြစ်သူသည် ၆-၁၁-၂၀၁၈ (အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈၅) သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိ မိသားစုများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ကိုသားထွေး(မဇ္ဈိမလှိုင်း) ပန်းရဲ့လမ်း**
**အသက်(၅၆)နှစ်**

၆-၁၁-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

**ဝမ်းနည်းကြေကွဲခြင်း**
**ကိုဝေဖြိုးအောင် (B.Sc. Geology)**
**အသက် (၃၅) နှစ်**
**Assistant Sales Manager**
**(Sony Showroom Junction City)**

ကိုဝေဖြိုးအောင်သည် ၅-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**2000 Intake ဘူမိဗေဒသူငယ်ချင်းများ**
**ဒဂုံတက္ကသိုလ်**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးကြိုင်**
**အသက်(၉၆)နှစ်**
**မော်လမြိုင်**

ယခင်မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်၊ အောက်လမ်းမကြီးနေ [ဦးအုန်းမောင်(ခနသိဒ္ဓိဆန်စက်)-ဒေါ်ငွေစိန်]တို့၏သမီးကြီး၊ (ဦးကျင်စိန်)(သုဝဏ္ဏစက်လှေ)၏ဇနီး၊ (ဒေါ်ကျင်ရွှေ၊ဒေါ်ကျင်ငွေ၊ ဒေါ်ကျင်မြ)တို့၏ ညီမ၊ အမှတ်(၄၆)၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့နေ ဒေါ်ဝါဝါနွယ် (Emma Sein)-ဦးကျော်မြင့် (အကြီးတန်းလိုင်စင်အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး)တို့၏ မိခင်၊ ဒေါ်ဆုရည်ကျော် (Foundar and Principale International Child Development School)-ဦးမြတ်သူအောင် (T.C.D.S)၊ ကိုလှိုင်မင်းပိုင်(Ananda Co.,Ltd.)၊ Aster ခိုင်နှင်းသော် (Nokia Co., Ltd.)တို့၏ ဘွားဘွားကြီး၊ Wendy မြင့်မြတ်မှူး (Grade.6, ALBA International School)၏ ဘွားဘွားကြီး ဒေါ်အေးကြိုင်သည် ၇-၁၁-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၈ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

**ဦးလှကြွယ် (နယ်မြေအုပ်၊ ငြိမ်း) မန္တလေးတက္ကသိုလ်**
**အသက်(၈၇)နှစ်**

ပြည်မြို့နေ (ဦးဘိုးဟန်-ဒေါ်လှ)တို့၏သား၊ ကလောမြို့နေ (ဦးဟန်လီ-ဒေါ်ထွား)တို့၏ သားသမက်၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်အပိုင်း(၁)၊ သီတာမြိုင်လမ်း (၃၉×၄၀အကြား၊ ၆၈×၆၉ အကြား) အမှတ် (၉၂)နေ (ဒေါ်ခင်နွဲ့ရီ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းစိုးကြွယ်-ဒေါ်ရွှေဇင်ဦး (S.S.ကွန်ပျူတာ)၊ ဦးစည်သူကြွယ် (ရတနာပုံတက္ကသိုလ်)-ဒေါ်လဲ့လဲ့သင်း၊ မော်လမြိုင်မြို့နေ ဦးအောင်သူကြွယ်(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်း)-ဒေါက်တာနှင်းကြည်ဖေ(S.S.C ဆေးရုံ)၊ ဒေါ်ကေသီကြွယ်တို့၏ ဖခင်ကြီး၊ မြေးသုံးယောက် မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးလှကြွယ် (လှကြွယ်-မန်းတက္ကသိုလ်)သည် ၈-၁၁-၂၀၁၈ ရက် နံနက် ၉း၄၅နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၈ (စနေနေ့)တွင် အထက်ပါနေအိမ်မှ တောင်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဒေါ်မြမြသိန်း**
**ခန့်မှန်း(ပ)၊ ခန့်မှန်း(၂)၊ ဆလရ-ရုံးချုပ်(ငြိမ်း)**
**အသက် (၇၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဝဂ္ဂီရပ်နေ (ဦးတင်စိန်-ဒေါ်ချစ်)တို့၏ သမီး၊ (ဦးသန်းမောင်-ဒေါ်ခင်လှ)တို့၏ သမီးချွေးမ၊ (ဦးအေးလွင်)-ဒေါ်ညိမ်းရင်၊ (ဦးတင်ထွန်း)-ဒေါ်မြင့်မြင့်ကြည်၊ (ဦးထိန်ဝင်း)-ဒေါ်ရီရီမြ၊ ဦးစိန်ထူး-ဒေါ်သန်းသန်းတို့၏ ညီမ၊ ဦးတင်လှ၏ဇနီး ဒေါ်မြမြသိန်းသည် ၇-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် (၇၈)၊ ဗိုလ်ဆွန်ပက်(စစ်တောင်းလမ်း)၊ (၁၀)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဒေါ်ချိုချိုဝင်း(ခ)ရီရီထွန်းစိန်**
**အသက်(၇၀)**
**BE(Electrical EP)**
**1973 Batch**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ (၁၄၉)လမ်း၊ အမှတ်(၇)၊ ငါးလွှာနေ (ဦးထွန်းစိန်-ဒေါ်လှခင်)တို့၏သမီးထွေး၊ (ဦးမောင်ကျော်ဦး-ဒေါ်မယ်စိန်)တို့၏ သမီးချွေးမ၊ ဦးစံရီ (Chief Electrical Engineer, Mariner)၏ ဇနီး၊ ဦးကျော်မင်းထွန်း(Project Manager, MIT)၏ မွေးသမိခင်၊ မော်လမြိုင်မြို့၊ စိန့်ဂျိုးဇက်ကွန်ဗင်းကျောင်းနှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စိန့်ဖရန့်စစ်ကျောင်းမှ 1967 Batch အောင်၊ RIT မှ 1975 Batch အောင် ဒေါ်ချိုချိုဝင်း(ခ)ရီရီထွန်းစိန် (မြန်မာနိုင်ငံဆေးဝါးစက်ရုံ၊ လျှပ်စစ်အင်ဂျင်နီယာ အလုပ်ရုံခွဲမှူး-ငြိမ်း)သည် ၆-၁၁-၂၀၁၈ ရက် နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး**
**ဦးကျော်စိုးမိုး(ကိုသျှား)**
**လ/ထညွှန်မှူး(မြို့ပြ)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်**
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၅၀/၆က)နေ ဦးအောင်ကျော်မိုး-(ဒေါ်လှလှသိန်း)တို့၏ သားလတ်၊ ဦးကျော်စွာမိုး-ဒေါ်ဇင်မင်းသက်တို့၏ညီ၊ ဦးသူရကျော်မိုး(ချိုတူး)-ဒေါ်အေးအေးထွေး၊ မအေးသန္တာမိုး(အေဏီဇော်)တို့၏ အစ်ကိုလေး၊ မသီရိရတနာစိုး(ဖွေးဖွေး)၊ မောင်ထက်ဦးဝေ(သားသား)၊ မစံဝတီချို(ဘုတ်ဆုံမ)တို့၏ ဘဘ ဦးကျော်စိုးမိုးသည် ၈-၁၁-၂၀၁၈ ရက် နံနက် ၁၁း၂၀နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ကိုသူရလှိုင်**
**အသက်(၃၅)နှစ်**
**(သပြုရွာ)**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ (ဦးအောင်ခင်-ဒေါ်ဆိတ်)၊ (ဦးချစ်တီး-ဒေါ်သန်းရှင်)တို့၏မြေး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် (၁၆၁/၁၆၂)၊ စိန္တကျော်သူဦးဩလမ်း၊ (၁၇)ရပ်ကွက်၊ အရှေ့ဒဂုံစက်မှုဇုန်နေ ဦးညွန့်လှိုင်-ဒေါက်တာဒေါ်မြင့်ရီ (တွဲ/ပါမောက္ခ၊ ကလေးအထူးကု-ငြိမ်း)တို့၏သားကြီး၊ မောင်ရဲထွဋ်လှိုင်၏အစ်ကို၊ ဦးခင်ရွှေ-ဒေါ်စန်းတင်တို့၏ သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၄)နေ မခင်သူဇာထွေး၏ ချစ်လှစွာသောခင်ပွန်း၊ မမေမြတ်နိုးထက်၊ မောင်ဘုန်းဟိန်းထွဋ်တို့၏ ဖခင်သည် ၇-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၈(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးမြသန်း(ဖြူး)**
**အသက်(၇၄)နှစ်**
**ညောင်ပင်သာရွာ**

ဖြူးမြို့နေ(ဦးစံထွန်း-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးရှိန်-ဒေါ်အုန်းမြိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ အမှတ်(၁၇၀)၊ ပထမထပ်နေ (ဒေါ်ကြည်အောင်)၏ ခင်ပွန်း၊ ဦးမြသိန်း-ဒေါ်သင်းသင်းခိုင်၊ ဦးမျိုးသန့်-ဒေါ်ခင်ခင်ထွေး၊ ဦးမျိုးအေး-ဒေါ်ခင်လေးနွယ်၊ ဦးသိန်းဦး-ဒေါ်တင်တင်မိုး၊ ဦးဇော်မြင့်လတ်-ဒေါ်အေးအေးအောင်၊ ဦးလင်းလင်းထက်တို့၏ မွေးသဖခင်၊ ကိုဇင်လင်းသိန်း၊ မသင်းယုယုသိန်း၊ မအိမ့်သက်မှူးသိန်း၊ မဇင်ပိုပိုလွင်၊ မောင်နိုင်လင်းထက်၊ မအိကေ၊ မအိချမ်းမြေ့၊ မချောစုသန့်တို့၏အဘိုးသည် ၈-၁၁-၂၀၁၈(ကြာသပတေးနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**Pa Nang Kang Lo Thang**
**အသက် (၄၆)နှစ်**
**Zampikhua (Gual Nam Beh)**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပြည်တော်သာ(၇)လမ်း၊ အမှတ်(၈)နေ Pu Song Do Langh-Pi Thang Sian Ning (တောင်ဇလပ် ကုန်စုံဆိုင်)တို့၏ တစ်ဦးတည်းသောသား၊ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ဇမ်ပီးရွာနေ Pu Vungh Khua Kam-Pi Zo Ngaih Zen တို့၏ သားသမက်၊ Nu Cing Lawh Nuam-ဦးထွေးဦး(ခ)ကိုပေါက်၊ Nu Cing Lun Vung-Pa Suan Khan Sing (USA)၊ Lia Zam Neih Cing (MRTV-3 လျှပ်စစ်ဓာတ်အားခွဲရုံ)တို့၏အစ်ကိုကြီး၊ Lia Ning Geel Hoih, Tg Langh Deih Tung, Lia Zen Deih Lun တို့၏ မွေးသဖခင်၊ Nu Ning Khawl Nuam ၏ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ငါးယောက်တို့၏ဘကြီး Pa Nang Kang Lo Thang သည် ၆-၁၁-၂၀၁၈ (အင်္ဂါနေ့) ည ၈း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၁၁-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီ၊ ယုဇန ပီတောက်ကွေ့နှင့် ဆူးလေ ဧမာနွေလ ဘုရားကျောင်းရှေ့တို့မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**မောင်လင်းသန့်မောင်**
**အသက်(၃)နှစ်**

ရန်ကုန်မြို့၊ တိုက်(၇)၊ အခန်း(၄၀၆)၊ ဝါးတန်းကွန်ဒို၊ ကီလီရိပ်သာလမ်းသွယ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်နေ ဦးဝေတ-ဒေါ်ခင်ခင်ညီတို့၏ မြေး၊ ပဲခူးမြို့၊ ညောင်ဝိုင်း(၁၅)လမ်း၊ အမှတ်(၇၆)နေ ဦးအေးမြင့်-ဒေါ်တင်အေးတို့၏မြေး၊ ဒေါက်တာပြည့်ဖြိုးမောင်၊ ဒေါက်တာဝင်းမာဟန်တို့၏ သားကြီး၊ မောင်ဖွဲ့ပြည့်မောင်၏အစ်ကို မောင်လင်းသန့်မောင်သည် ၈-၁၁-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁း၂၅ နာရီတွင် ဝါးတန်းကွန်ဒိုနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၈ (စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန် ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ဗိမာန်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၇ နာရီတွင် ထွက်ပါမည်။) [အောက်မေ့ဖွယ်ဆုတောင်းခြင်းအစီအစဉ်ကို ၁၄-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးကြိုင် (မော်လမြိုင်)**
**အသက် (၉၆)နှစ်**

ယခင်မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်၊ အောက်လမ်းမကြီးနေ [ဦးအုန်းမောင်(ခနသိဒ္ဓိဆန်စက်)-ဒေါ်ငွေစိန်]တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၁၇-2A)၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ [ဦးကျင်စိန်(သုဝဏ္ဏစက်လှေ)]၏ဇနီး၊ ဒေါ်နှင်းမြိုင်၊ ဦးငွေအောင်(ညွှန်မှူး၊ စက်မှု-၁၊ ငြိမ်း)-ဒေါ်သန်းသန်းဆွေ(အထပြ၊ ငြိမ်း)၊ ဦးနွယ်တင်(M.O.G.E-ငြိမ်း)-ဒေါ်ဝင်းဝင်းတင် (ငါးလုပ်ငန်းဦးစီးဌာန-ငြိမ်း)တို့၏အစ်မကြီး၊ ဦးမျိုးဦး၊ ဒေါ်ဝါဝါနွယ် (Emma Sein)-ဦးကျော်မြင့်(အကြီးတန်း လိုင်စင်အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး)၊ ဒေါက်တာမျိုးသိုက် (Physics, Assumption University, Bangkok, Thailand)၊ ဒေါ်စုထွေးအောင်တို့၏ မိခင်ကြီး၊ တူ/တူမ လေးယောက်တို့၏ ကြီးကြီးမေ၊ မြေးလေးယောက်တို့၏အဘွား၊ မြစ်တစ်ယောက်၏ဘွားဘွားကြီး ဒေါ်အေးကြိုင်သည် ၇-၁၁-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁- ၂၀၁၈ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ [ရက်လည်ဆွမ်းကျွေးကို ကျောင်းတော်ရာ ရွှေကျင်တိုက်သစ် မင်္ဂလာတိုက်ကျောင်း(ကြေးပိဋကတ်တိုက်) ဗဟန်းတွင် ၁၃-၁၁-၂၀၁၈ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်ပါ၍ မေတ္တာရှေ့ထား၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကျင်နု**
**အသက်(၉၀)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးအေးမောင်-ဒေါ်အုန်းခင်)တို့၏ သမီး၊ (ဦးဘိုးသောင်-ဒေါ်အေးမျှင်)တို့၏ သမီးချွေးမ၊ ဒေါ်ခင်အေးရီ(အထက-၁၊ ပဲခူးမြို့)၊ ရန်ကုန်မြို့နေ (ဦးလွင်ဦး)-ဒေါ်ခင်ငွေးကြည်၊ပဲခူးမြို့နေ (ဦးခင်မြင့်)-ဒေါ်မြင့်မြင့်ကြူခိုင်(ဆိုရှယ်-ဆိုင်ကယ်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးသက်နိုင်-ဒေါ်ခင်ငွေးဝင်း၊ မြိတ်မြို့နေ ဒေါက်တာမျိုးဝင်း-ဒေါက်တာသန်းသန်းစီတို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၇-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့၊ ပြည်တော်သာရပ်ကွက်၊ ဒေါနလမ်းထိပ်၊ အမှတ်(၅၄၁) နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၈ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်စဝ်စိန်ပွင့်**
**အသက်(၈၅)နှစ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမန်ဆန်စော်ဘွားကြီး ဦးစဝ်ခွန်လူ-မဟာဒေဝီဒေါ်စဝ်ဝါတို့၏သမီး၊ (ဒေါ်စဝ်ညွန့်ရီ)၊ (ဒေါ်စဝ်ယဉ်နု)၊ ဒေါ်စဝ်စံတို့၏ညီမ၊ ဦးစဝ်အုန်းခေါင်၊ (ဦးစဝ်စိန်လှ)၊ ဦးစဝ်ခေးစက်တို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၁၀)၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်နေ [ဗိုလ်မှူးကြီးမောင်မောင် (စစ်ဦးစီးဗိုလ်မှူးကြီး-ငြိမ်း)]၏ ဇနီး၊ ဦးသုခ-ဒေါ်အိအိငယ်၊ ဦးစိုးမင်း-ဒေါ်မွေးတို့၏မိခင်၊ မောင်ကျော်သီဟ၏အဘွား ဒေါ်စဝ်စိန်ပွင့်သည် ၇-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၈ (ကြာသပတေးနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဦးထွန်းသိန်း**
**အနုပညာဦးစီးဌာန(ငြိမ်း)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဘုမ္မာ(၅)လမ်းနေ (ဦးမောင်လှိုင်-ဒေါ်ချစ်မြိုင်)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ တုသိတာလမ်းတိုနေ (ဦးကျော်စိန်)-ဒေါ်ငွေအေးတို့၏ သားသမက်၊ ကိုကျော်မင်းသိမ်း (Cygnus Marine Co.,Ltd.)၊ ကိုစည်သူ (His & Her Events and Wedding Studio)-မသော်နှင်းသိမ်း(SAE.DWIR)တို့၏မွေးသဖခင်၊ ဒေါ်ကြူကြူစိန် (ဦးစီးအရာရှိ၊ DWIR၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၁၁-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၈ (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၈(တနင်္လာနေ့) နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၁၀၆၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဒေါ်ခင်နွယ်ဦး (သာယာဝတီမြို့)**
**အသက် (၆၅)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ငုဝါလမ်းနေ (ဦးစိန်ထွန်း-ဒေါ်ခင်ရွှေ)တို့၏ သမီး၊ ဒေါ်ခင်နွယ်အေး-ဦးချစ်ထွန်း၊ ဦးကြည်စိုး-ဒေါ်အုန်း၊ ဒေါ်ခင်နွယ်ညို-ဦးခင်မောင်ကြည်တို့၏ အစ်မ၊ ဦးစန်းအေး (ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ မြေတိုင်းဦးစီးဌာန) (Former QAQC, Suntac Geomatic Service)၏ဇနီး၊ ကိုကျော်ကျော်ထိုက် (Rieckermann Services Limited)-မသီတာသိန်းဖေ (သုခကမ္ဘာဆေးရုံ)တို့၏မိခင်၊ မောင်တာရာလင်းထွဋ်၏အဘွား ဒေါ်ခင်နွယ်ဦးသည် ၆-၁၁-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဦးဝင်းမော်**
**(ဒု-ကြီးကြပ်ရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)**
**အသက်(၅၈)နှစ်**

ဦးမြသန်း-ဒေါ်ခင်မိမိတို့၏ သား၊ ဦးကပ်ဇထန်-ဒေါ်မေငုတ်တို့၏ သားသမက်၊ အမှတ်(၂၀၅/၂၁၁)၊ အခန်း(၂၃)၊ အကောက်ခွန်အိမ်ရာ၊ လမ်း(၅၀)နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ဟုန်လမ်းညောင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်-ဒေါက်တာဒေါ်သွဲ့သွဲ့၊ ဦးဆိုက်ရှင်း-ဒေါ်နွဲ့နွဲ့၊ ဒေါ်ကြူကြူသန်း၊ ဦးအောင်မြင့်-ဒေါ်ဖြူဖြူတို့၏မောင်၊ မထက်ထက်ဦး၊ မခက်ခက်ဦးတို့၏ဖခင် ဦးဝင်းမော်သည် ၈-၁၁-၂၀၁၈(ကြာသပတေးနေ့) နံနက် ၉း၂၇နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်သာလန်နိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H. E. Mrs. Sigrid Kaag အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နယ်သာလန်နိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mrs. Sigrid Kaag အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် တပ်မတော်မှ အစိုးရအဆက်ဆက် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ရမှုနှင့် ယခုအခါတွင် ပြည်သူများမှရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေချိန်၌ တပ်မတော်မှ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်နေမှု၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့် တပ်မတော်မှ ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အရေး၊ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသည့် နေရပ်စွန့်ခွာသွားသူများအား ဥပဒေနှင့်အညီ စိစစ်လက်ခံနိုင်ရေးအတွက် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ဆောင်ရွက်နေမှု အခြေအနေများ၊ ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေး ဒုတိယဝန်ကြီးဟောင်း H.E. Ambassador Mrs. Rosario Manalo ဦးဆောင်သည့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်မှ လိုအပ်သည့် သတင်းအချက်အလက်များရရှိရန် တပ်မတော်မှ အပြည့်အဝပူးပေါင်းကူညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်း

ရန်ကုန် နိုဝင်ဘာ ၈

**၂၀၁၈ ခုနှစ် အောက်တိုဘာ ၈ ရက်ထုတ် Weekly Eleven ၌ ဖော်ပြခဲ့သည့် ဆောင်းပါးရှင်ဖြိုးဝေ၏ "အမြဲရှုံးနေတဲ့ စက်သုံးဆီဆိုင်တွေ ပိတ်ရေး၊ ဈေးငွေဘယ်သူမှန်းမသိတဲ့ ကျောင်းကားနဲ့ လူအမည်ပေါက် ပြည်သူ့ရှယ်ယာ" ဆိုသည့် ဆောင်းပါးနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့နံနက်ပိုင်းတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းခဲ့ပါသည်။**




ထိုသို့ သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ ရှင်းလင်းပြောကြားချက်များကို ဖော်ပြလိုက်ပါသည်-

**ဦးဖြိုးမင်းသိန်း**
**(ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်)**

ယနေ့ သတင်းမီဒီယာတွေနဲ့ တွေ့ဆုံတဲ့ရည်ရွယ်ချက်ကို ကျွန်တော်ပြောပြပါရစေ။ အဲဒါကတော့ ၈-၁၀-၂၀၁၈ ရက်နေ့က Weekly Eleven မှာ ဖော်ပြခဲ့တဲ့ ဆောင်းပါးရှင်ဖြိုးဝေရဲ့ အမြဲရှုံးနေတဲ့ စက်သုံးဆီဆိုင်တွေ ပိတ်ရေး၊ ဈေးငွေဘယ်သူမှန်းမသိတဲ့ ကျောင်းကား၊ လူအမည်ပေါက်ပြည်သူ့ရှယ်ယာဆိုတဲ့ ဆောင်းပါးမှာ ဆောင်းပါးရဲ့ နောက်ဆုံးကောက်ချက်ဖြစ်တဲ့ ပြီးခဲ့တဲ့ အနှစ် ၅၀ တုန်းကလည်း

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

## အာရှပိုပီနမ်ချန်ပီယံပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် ၁၀ ခုရရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ ၇ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့သည့် (၄)ကြိမ်မြောက် အာရှပိုပီနမ် ချန်ပီယံပြိုင်ပွဲ၌ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် ၁၀ ခုရရှိခဲ့သည့် အောင်ပွဲရ မြန်မာပိုပီနမ်အသင်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

အောင်ပွဲရ မြန်မာပိုပီနမ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ မြန်မာနိုင်ငံ ပိုပီနမ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရွှေတံဆိပ် သုံးခု**

(၄)ကြိမ်မြောက် အာရှပိုပီနမ် ချန်ပီယံပြိုင်ပွဲ၌ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ဆလိုင်းမနာကွီးနှင့် မောင်ဘိုဘိုအတွဲက ရွှေတံဆိပ် တစ်ခု၊ အမျိုးသားလက်အပြပြိုင်ပွဲ၌ ရဲဝင့်သူက ရွှေတံဆိပ် တစ်ခု၊ အမျိုးသမီးလက်အပြပြိုင်ပွဲ၌ မခိုင်ဝါဖူးက ရွှေတံဆိပ် တစ်ခု၊ အမျိုးသား တစ်ကိုယ်တော်ဓားတစ်လက်အပြပြိုင်ပွဲ၌ ဆလိုင်းမနာကွီးက ငွေတံဆိပ် တစ်ခု၊ Five Gate Form ပြိုင်ပွဲ၊ Form Elemet Staff ပြိုင်ပွဲနှင့် အမျိုးသား ၅၈ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

